# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒိစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၈၆)


၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက် | ၂၀၂၆ ခုနှစ်၊ ဩဂုတ် ၅ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ(၆၅)၊ အမှတ်(၃၀၄)


# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံသို့ “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)မှ ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်း ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံသို့ “ဝ”ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)မှ ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယသမ္မတ ဦးညိုစောၤ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ကိုထိုက်တို့တက်ရောက်ကြပြီး “ဝ”ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)မှ ဒုတိယဥက္ကဋ္ဌနှင့်အတူ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် ဦးပေါက်အိုက်ခမ်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ယခု နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် သန္နိဋ္ဌာန်ချမှတ်ပြီး မဖြစ်မနေကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အားလုံးကို ဖိတ်ခေါ်ဆွေးနွေးဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ ထိုသို့ဖိတ်ခေါ်ဆွေးနွေးဆောင်ရွက်ချိန်တွင် “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) မှ ယခုကဲ့သို့ လာရောက် တွေ့ဆုံခဲ့ခြင်းသည် နိုင်ငံတော်၏ အနာဂတ်အတွက် ကောင်းမွန်သည့်လုပ်ဆောင်ချက်ဖြစ်မှုအခြေအနေများ၊ စာမျက်နှာ ၃ ကော်လံ ၁ ❑



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP) မှ ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်း အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

## ယနေ့ မိုးလေဝသ

**နေပြည်တော်**

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**ရန်ကုန်**

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မန္တလေး**

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

## ယနေ့ ဖတ်စရာ

**ဥပဒေစိုးမိုးမှုဖြင့် စည်းလုံးညီညွတ်သော အင်အားကို စုစည်းပြီး ဖွံ့ဖြိုးတိုးတက်မှုဖြင့် ဘုံသာယာဝပြောမှုကို မြှင့်တင်မည်**


ဆောင်းပါး > စာ > ၆


**ရော်ဘာပျိုးခင်း၏ အရေးပါမှုနှင့် ပျိုးပင်ထုတ်လုပ်နည်းအကြောင်း သိကောင်းစရာ**


ဆောင်းပါး > စာ > ၁၀


**အိမ်မွေးတိရစ္ဆာန်များနှင့် ကလေးသူငယ်များ၏ ကျန်းမာရေး**


ဆောင်းပါး > စာ > ၁၆


**(၅)နှစ်ပြည့် နိုင်ငံတကာပို့ဆောင်ရေး ထိပ်သီးအစည်းအဝေး - ၂၀၂၆ ဖွင့်ပွဲ ကျင်းပ**

# မြန်မာနိုင်ငံ နေပြည်တော်နှင့် ရန်ကုန်မြို့အပါအဝင် နိုင်ငံတကာမှ မြို့ပေါင်း ၁၉ မြို့နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တို့အကြား သယ်ယူပို့ဆောင်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာလျှောက်ထားလွှာကို လက်မှတ်ရေးထိုး

ရန်ကုန် ဩဂုတ် ၄

(၅) နှစ်ပြည့် နိုင်ငံတကာပို့ဆောင်ရေး ထိပ်သီးအစည်းအဝေး-၂၀၂၆ (5th Anniversary International Transport Summit-2026) ဖွင့်ပွဲကို ယမန်နေ့နံနက် ၁၀နာရီက ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ The Carlton Hotel Ballroom ၌ ကျင်းပခဲ့ပြီး သယ်ယူပို့ဆောင်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာလျှောက်ထားလွှာ (Application of Transport Cooperation)လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ နေပြည်တော်နှင့် ရန်ကုန်မြို့အပါအဝင် နိုင်ငံတကာမှ မြို့ပေါင်း ၁၉ မြို့နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တို့အကြား သယ်ယူပို့ဆောင်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာလျှောက်ထားလွှာကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။ စာမျက်နှာ ၄ ကော်လံ ၄ ✻

# ရှေးဟောင်းဝတ္ထုပစ္စည်းအပ်နှံခြင်းအတွက် ဆုကြေးငွေကျပ် ၁၀၄၉ သိန်းကျော် ပေးအပ်ချီးမြှင့်

နေပြည်တော် ဩဂုတ် ၄

ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်၊ ပျူခေတ်၊ ကုန်းဘောင်ခေတ်၊ ဝေသာလီခေတ်နှင့် မြောက်ဦးခေတ်လက်ရာများဖြစ်သည့် ရွှေပန်းကနုတ်အပိုင်းအစ၊ ငွေဒင်္ဂါး၊ ကျောက်ကွင်း၊ ကျောက်ပုတီးစေ့၊ ကြေးအလေး၊ ကြေးခလောက်၊ ကြေးသတ္တုစပ်ပြား၊ မြေထည်ပစ္စည်းများ စသည့် ရှေးဟောင်းဝတ္ထုပစ္စည်းအရေအတွက် စုစုပေါင်း ၁၁၇၃ ခုကို အပ်နှံခဲ့ခြင်းအတွက် အပ်နှံပေးသူများကို ဆုကြေးချီးမြှင့်ငွေကျပ် ၁၀၄၉ သိန်းကျော်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၄ ကော်လံ ၁ ❖




# နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၄

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့် လည်းကောင်း ယနေ့နံနက်မှ ၇-၈-၂၀၂၆ ရက်နေ့အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ စာမျက်နှာ ၅ ကော်လံ ၁ ❍

မြန်မာ့အလင်း

# နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသားပြည်သူ

ငြိမ်းချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဖြစ်ကို နိုင်ငံသားအားလုံးက အလိုရှိကြမည်ဖြစ်သည်။ လက်ရှိအခြေအနေတွင် အစိုးရနှင့် ပြည်သူတို့အနေဖြင့် "တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရရှိရေး"နှင့် "နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုရရှိရေး" ဆိုသည့် ဦးစားပေးရည်မှန်းချက်နှစ်ရပ်ကိုချမှတ်၍ ဘက်ပေါင်းစုံမှ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

မျက်မှောက်ခေတ်ကာလ ကမ္ဘာကြီးတွင် ဖွံ့ဖြိုးပြီးနိုင်ငံပေါင်း ၃၇ နိုင်ငံ၊ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံပေါင်း ၄၄ နိုင်ငံနှင့် ကျန်နိုင်ငံများမှာ ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်ကြသည့်အနက် မိမိတို့နိုင်ငံမှာ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများထဲတွင်ပါဝင်နေသည်။ မိမိတို့နိုင်ငံသည် တည်နေရာအနေအထားအရလည်းကောင်း၊ စိုက်ပျိုးမွေးမြူရန် ရေခံမြေခံအရလည်းကောင်း၊ သဘာဝသယံဇာတများ တည်ရှိနေမှုအရလည်းကောင်း အားသာချက်များစွာရှိနေသည့် နိုင်ငံဖြစ်ပါလျက်နှင့် ဖွံ့ဖြိုးမှုအနည်းဆုံးအခြေအနေသို့ ရောက်ရှိနေရခြင်းဖြစ်သည်။ ဒုတိယကမ္ဘာစစ်ပြီးကာလမှစတင်၍ နိုင်ငံကို အခက်အခဲများကြားမှ ကြိုးစားရုန်းကန် ထူထောင်ခဲ့ကြပြီး ယနေ့ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံများဖြစ်လာသည့် ဂျပန်၊ တောင်ကိုရီးယားတို့ကို မိမိတို့၏နိုင်ငံတည်ဆောက်ရေးတွင် စံနမူနာယူကြရမည်ဖြစ်သည်။

ဒုတိယကမ္ဘာစစ်တွင် စစ်ရှုံးခဲ့သည့်ဂျပန်နိုင်ငံသည် စစ်ကြောင့်ပျက်စီးဆုံးရှုံးမှုများ၊ ကိုလိုနီနယ်ဆုံးရှုံးမှုများ၊ ပြည်ပဈေးကွက်ပျောက်ဆုံးမှုများအပြင် အစိုးရ၏ အဆင့်မြင့် အရပ်ဘက်ဝန်ထမ်းများ၊ နိုင်ငံစီးပွားရေး၏ကျောရိုးဖြစ်သည့် ကုမ္ပဏီကြီးများ ဖျက်သိမ်းခံရခြင်းကြောင့် အားနည်းချည့်နဲ့သည့်အခြေအနေသို့ရောက်ရှိခဲ့သည်။ သို့ရာတွင် ဆယ်စုနှစ်တစ်ခုအတွင်း ခေါင်းမော့နိုင်လာခဲ့ပြီး နောက်ထပ်ငါးနှစ်အကြာ ၁၉၆၀ ပြည့်နှစ်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်း ၁၃ ရာခိုင်နှုန်းကျော်ဖြင့် ကမ္ဘာတွင်အမြင့်ဆုံး စံချိန်တင်ခဲ့သည်။ ဒုတိယကမ္ဘာစစ်မတိုင်မီ ၁၉၃၇ ခုနှစ်က ဂျပန်နိုင်ငံ၏ စက်မှုကုန်ထုတ်တန်ဖိုး၏ ၄၁၀ ရာခိုင်နှုန်းအထိ လျင်မြန်စွာတိုးတက်ခဲ့ခြင်းဖြစ်ပြီး သယံဇာတအရင်းအမြစ်ရှားပါးသည့် ၎င်းတို့နိုင်ငံအနေဖြင့် လူသားအရင်းအမြစ် အားကောင်းခဲ့ခြင်းကြောင့် ယင်းကဲ့သို့စွမ်းဆောင်နိုင်ခဲ့ကြခြင်းဖြစ်သည်။

ကိုရီးယားသမ္မတနိုင်ငံခေါ် တောင်ကိုရီးယားသည်လည်း စိုက်ပျိုးနိုင်သည့်မြေ စတုရန်းကီလိုမီတာ ၂၂၀၀၀ မျှသာရှိပြီး သဘာဝသယံဇာတအဖြစ် ခဲမဖြူနှင့် သက်နုကျောက်မီးသွေး အနည်းငယ်မျှသာထွက်ရှိသည့် နိုင်ငံဖြစ်သည်။ ၁၉၆၀ ပြည့်နှစ်အထိ စိုက်ပျိုးရေးအပေါ် မှီခိုအားထားနေရသော ဖွံ့ဖြိုးမှုနိမ့်ကျသည့် နိုင်ငံဖြစ်ခဲ့သည်။ သမ္မတပတ်ချုံဟီး အာဏာရရှိခဲ့ပြီးနောက် ၁၉၆၀ ပြည့်လွန်နှစ်များအတွင်း ပြင်းထန်သည့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးစိတ်ဓာတ်ဖြင့် နိုင်ငံကိုတည်ဆောက်ခဲ့ရာမှ စက်မှုဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံ ဖြစ်လာခဲ့သည်။ "နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးတွင် ခိုင်မာအားကောင်းသော အမျိုးသားရေးစိတ်ဓာတ်အားမာန်လိုအပ်သကဲ့သို့ ယင်းအားမာန်ကို လက်တွေ့စွမ်းဆောင်မှုအဖြစ် ပြောင်းလဲပေးနိုင်သည့်အရည်အသွေး၊ အရည်အချင်းများ ခေါင်းဆောင်နှင့် ပြည်သူနှစ်ဖက်စလုံးတွင်ရှိနေရမည်" ဟူ၍ သမ္မတပတ်ချုံဟီးကဆိုခဲ့သည်။

အထက်ပါ ဂျပန်နှင့်ကိုရီးယားတို့၏ နိုင်ငံတည်ဆောက်မှု စံနမူနာများကို ကြည့်ခြင်းအားဖြင့် လူကသာအဓိကဖြစ်သည်ကို တွေ့ရှိနိုင်သည်။ နိုင်ငံကို ပြာပုံဘဝမှရုန်းထရသည့်အခြေအနေ၊ စီးပွားရေးအခွင့်အလမ်းမသာသည့်အခြေအနေများမှ စီးပွားရေးဖွံ့ဖြိုးတိုးတက်သည့် အခြေအနေသို့ ရောက်ရှိအောင်ဆောင်ရွက်ရာတွင် နိုင်ငံ၏လူသားအရင်းအမြစ်ကို အကျိုးအရှိဆုံးနှင့် အထိရောက်ဆုံးအသုံးချနိုင်ခဲ့ကြခြင်းက အဓိကအကြောင်းတရားဖြစ်ခဲ့သည်။ စင်စစ်အားဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုဟူသည် နိုင်ငံသားပြည်သူအားလုံးနှင့်သက်ဆိုင်သည့်အလျောက် နိုင်ငံသားပြည်သူတို့၏အစွမ်းအစများကို တက်ကြွသောအင်အား (Dynamic Force) များဖြစ်လာအောင် စုစည်းဖော်ဆောင်ပေးနိုင်ခဲ့ခြင်းကြောင့်လည်းဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နည်းဗျူဟာမဟာဗျူဟာများကိုရေးဆွဲပြီး ယင်းတို့ကို ပြည်သူလူထုက ဘဝင်ကျစွာနားလည်လက်ခံလာသည်အထိ ရှင်းလင်းပြရမည်။ အဆိုပါလုပ်ငန်းများနှင့်ပတ်သက်၍ ပြည်သူလူထုက နက်နဲသောအသိအမြင်ဖြင့် ခံယူလာသည်နှင့်အမျှ တစ်စုံတစ်ရာနှိုးဆော်မှုမပါဘဲ အလိုလျောက်တက်ကြွစွာ ပူးပေါင်းပါဝင်လာကြမည်ဖြစ်သည်ဟု သမ္မတပတ်ချုံဟီးက ရေးသားခဲ့သည်။

နိုင်ငံတော်သစ်တည်ဆောက်ရေးကို အရှိန်ရအောင် မိမိအနေဖြင့် နှစ်နှစ်အချိန်ယူမည်ဖြစ်ပါကြောင်း၊ အရှိန်အဟုန်ဖြင့်တည်ဆောက်မှုကို သုံးနှစ်အချိန်ယူဆောင်ရွက်မည်ဖြစ်ပါကြောင်းနှင့် ပြည်သူလူထုတစ်ရပ်လုံးကလည်း မိမိတို့နှင့်အတူ ကဏ္ဍအသီးသီးမှ တက်ကြွစွာပါဝင်ကူညီပေးကြရန် နိုင်ငံတော်သမ္မတက နိုင်ငံတော်အခြေပြမိန့်ခွန်းတွင် အလေးအနက်တိုက်တွန်းခဲ့သည်နှင့်အညီ နိုင်ငံတော်အစိုးရ၏ မှန်ကန်ထက်မြက်တက်ကြွသောဦးဆောင်မှု၊ ပြည်သူတစ်ရပ်လုံး၏ နိုးကြားတက်ကြွသည့်အားမာန်တို့ဖြင့် မိမိတို့နိုင်ငံကို ကမ္ဘာ့အလယ်၌ ဝင့်ထည်နိုင်ရန် ကြိုးပမ်းတည်ဆောက်ကြရပါမည့်အကြောင်း။ ။

ကျန်းမာရေးဝန်ကြီးဌာန
အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ
၂၀၂၆ ခုနှစ်၊ ဩဂုတ်လ

| | | |
|---|---|---|
| ပထမပတ် | - | မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ် |
| ဒုတိယပတ် | - | အသက် (၅) နှစ်အောက် ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| တတိယပတ် | - | ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| စတုတ္ထပတ် | - | အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ် |

အပြည်ပြည်ဆိုင်ရာလူငယ်များနေ့
၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်(ဗုဒ္ဓဟူးနေ့)

INTERNATIONAL YOUTH DAY
2026
DIFFERENT CONTEXTS, COMMON ASPIRATIONS

" Different Contexts, Common Aspirations "

" နောက်ခံမတူငြား၊ ရည်မှန်းတူထား၊ လူငယ်အား "

**၄ - ၈ - ၂၀၂၆ ရက်နေ့**
**ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး**
(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ၆၉၅၀၀၀၀ ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)
ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဩဂုတ် ၄
ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့် ရှိနေသည်။ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ မိုး/ဇလ

ပညာရွှေအိုး လူမခိုး

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၅ - ၈ - ၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၆၄၀ | ၃၇၇၅ | ၃၇၃၅ | ၃၆၅၅ | ၃၇၈၅ | ၃၈၀၀ | ၃၈၂၅ | ၃၇၂၀ | ၄၀၄၀ | ၄၀၈၀ | ၃၇၄၀ | ၃၈၅၅ | ၃၈၂၀ | ၃၇၈၅ | ၃၈၀၀ | ၄၀၃၅ |
| 95 Ron | ၃၆၈၅ | ၃၈၂၅ | ၃၇၈၀ | ၃၇၀၀ | ၃၈၃၀ | ၃၈၄၅ | ၃၈၇၀ | ၃၇၆၅ | ၄၀၈၅ | ၄၁၂၅ | ၃၇၈၅ | ၃၉၄၀ | ၃၈၇၀ | ၃၈၃၀ | ၃၈၄၅ | ၄၀၈၅ |
| HSD (500 ppm) | ၃၉၈၅ | ၄၁၁၅ | ၄၀၇၅ | ၄၀၀၀ | ၄၁၂၀ | ၄၁၃၅ | ၄၁၆၀ | ၄၀၆၀ | - | ၄၄၀၅ | ၄၀၈၀ | ၄၅၇၀ | ၄၁၆၀ | ၄၁၂၀ | ၄၁၃၅ | ၄၃၆၅ |
| HSD (50 ppm) | ၄၈၃၀ | ၄၉၆၅ | ၄၉၂၅ | ၄၈၄၅ | ၄၉၇၀ | ၄၉၉၀ | ၅၀၁၅ | ၄၉၁၀ | ၅၂၃၀ | ၅၂၇၀ | ၄၉၂၅ | ၅၀၉၅ | ၅၀၁၀ | ၄၉၇၀ | ၄၉၈၅ | ၅၂၂၅ |
| HSD (10 ppm) | ၄၈၃၀ | ၄၉၆၅ | ၄၉၂၅ | ၄၈၄၅ | ၄၉၇၀ | ၄၉၉၀ | ၅၀၁၅ | ၄၉၁၀ | | ၅၂၇၀ | ၄၉၂၅ | ၅၀၉၅ | ၅၀၁၀ | ၄၉၇၀ | ၄၉၈၅ | ၅၂၂၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၄၄၆ | ၃၅၄၉ |
| 95 Ron | ၃၄၉၁ | ၃၅၉၅ |
| HSD (500 ppm) | ၃၇၉၃ | ၃၈၉၉ |
| HSD (50 ppm) | ၄၅၉၈ | ၄၇၁၉ |
| HSD (10 ppm) | ၄၅၉၈ | ၄၇၁၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈
စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - ခင်ရတနာ
စာတည်းမှူးများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
အကြီးတန်းသတင်းထောက် - ကျော်သူဝင်း၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့်အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့

နေပြည်တော်-ဒုတိယစာတည်းမှူးချုပ် ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

E-paper

# ညီညွတ်ရေးက အရေးကြီး

**“တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကတော့ အရေးကြီးတဲ့အချက်ပဲ။ လွတ်လပ်ရေးမဆုံးရှုံးခင်က တိုင်းရင်းသားတွေအားလုံး စုစုစည်းစည်းနေခဲ့ကြတယ်။ လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီးနောက်ပိုင်း အမျိုးမျိုးသော သွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ကြတယ်။ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာလည်း အမျိုးမျိုးသော သွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတွေ ပျက်ယွင်းခဲ့ရတယ်။ ဒါကို ကျွန်တော်တို့ပြန်ပြီး စုစည်းညီညွတ်တဲ့ ပြည်ထောင်စုတည်ဆောက်ဖို့ လိုတာပေါ့။ မတည်ဆောက်နိုင်ရင်တော့ ပဋိပက္ခတွေဖြစ်နေမှာပဲ။ ဒါကြောင့် ညီညွတ်ရေးက အရေးကြီးပါတယ်”**

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)

❏ *ရွှေဖုံးမှ*



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံ “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)မှ ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြု တွေ့ဆုံစဉ်။

၁၉၈၉ ခုနှစ်တွင် တပ်မတော်နှင့် “ဝ” အဖွဲ့တို့ ငြိမ်းချမ်းရေးဆွေးနွေးနိုင်ခဲ့မှုအခြေအနေများ၊ နိုင်ငံတော်အနေဖြင့် ပြည်သူများလိုလားသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် နိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် ထာဝရငြိမ်းချမ်းရေးရရှိရန် လိုအပ်သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ ဦးတည်လျှောက်လှမ်း ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ (UWSA) “ဝ” အဖွဲ့အနေဖြင့် နိုင်ငံတော်ကို မိဘကဲ့သို့သဘောထားမှုနှင့် မိဘဖြစ်သည့် နိုင်ငံတော်၏ စောင့်ရှောက်မှုအောက်တွင် မိမိတို့သားသမီးများက မိမိတို့ ဒေသဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းပူးပေါင်းကြိုးပမ်း လုပ်ဆောင်ရန် ခံယူချက်ထားဆောင်ရွက်နေမှုအခြေအနေများ၊ “ဝ” ဒေသအတွင်း ပညာရေးကဏ္ဍတိုးတက်ရေး ဆရာ ဆရာမများနှင့် အခြေခံအဆောက်အအုံများ ဖြည့်ဆည်းပေး ခြင်း၊ ကျန်းမာရေးကဏ္ဍတိုးတက်ရေး ဆေးရုံများ အဆင့်မြှင့်တင်ခြင်းနှင့် ကျန်းမာရေးဝန်ထမ်းများ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းနှင့် လမ်းပန်းဆက်သွယ်မှုကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာစေရေး ဆောက်လုပ်ရေးလုပ်ငန်းများအတွက် လိုအပ်သည်များကို နိုင်ငံတော်အစိုးရမှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ နိုင်ငံတော်အနေဖြင့် နိုင်ငံတစ်ဝန်း အွန်လိုင်းငွေကြေးလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုများ အပြီးတိုင်ချုပ်ငြိမ်းပပျောက်စေရေးနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသကဲ့သို့ (UWSA) “ဝ” အဖွဲ့အနေဖြင့်လည်း ဒေသအတွင်းအွန်လိုင်းလောင်းကစားမှုများ ပပျောက်စေရေးနှင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ဖိဖိစီးစီး ကြပ်မတ်နှိမ်နင်း ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်စေရေးအတွက် ရှေ့ဆက်ဆောင်ရွက်သွားမည့်အခြေအနေများနှင့် “ဝ” ဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်သွားမည့်အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

**အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတက “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)မှ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ပြီး နိုင်ငံတော်သမ္မတထံ “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)မှ ဒုတိယဥက္ကဋ္ဌက အမှတ်တရလက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)မှ ဒုတိယဥက္ကဋ္ဌတို့သည် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**“ ယခု နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိရန်အတွက် သန္နိဋ္ဌာန်ချမှတ်ပြီး မဖြစ်မနေ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အားလုံးကို ဖိတ်ခေါ်ဆွေးနွေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ ထိုသို့ ဖိတ်ခေါ်ဆွေးနွေးဆောင်ရွက်ချိန်တွင် “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) မှ ယခုကဲ့သို့ လာရောက်တွေ့ဆုံခဲ့ခြင်းသည် နိုင်ငံတော်၏ အနာဂတ်အတွက် ကောင်းမွန်သည့် လုပ်ဆောင်ချက်ဖြစ်မှု အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေး ”**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)မှ ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# တောင်သူများ ဓာတ်မြေဩဇာသုံးစွဲရာတွင် သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူသုံးစွဲနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိ



နေပြည်တော် ဩဂုတ် ၄

ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီအနေဖြင့် တောင်သူများ ဓာတ်မြေဩဇာသုံးစွဲရာတွင် သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူသုံးစွဲနိုင်ရန် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်းစီစဉ်ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါကော်မတီအစည်းအဝေးမှ သိရသည်။

အဆိုပါအစည်းအဝေးကို ယနေ့နံနက်ပိုင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခြင်းဖြစ်ပြီး ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ကော်မတီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် တောင်သူများ ဓာတ်မြေဩဇာ သုံးစွဲရာတွင် သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူသုံးစွဲနိုင်ရေးအတွက် နိုင်ငံခြားငွေလဲလှယ်နှုန်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းချပေးခဲ့ရာ ဦးဆောင်ကော်မတီအနေဖြင့် ယူရီးယားမြေဩဇာတစ်အိတ်လျှင် ငွေကျပ် ၁၂၀၀၀၀ နှုန်းဖြင့် ရန်ကုန်အထိုင် ရည်ညွှန်းဈေးနှုန်းသတ်မှတ်ပေးထားကြောင်း၊ ရည်ညွှန်းဈေးနှုန်းကို အခြေခံ၍ သယ်ယူစရိတ်နှင့် တင်ချခတို့ကို ထည့်ပေါင်းပြီး အမြတ်မယူဘဲ တောင်သူလက်ဝယ်အရောက် တိုက်ရိုက်ရောင်းချနိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်း၍ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယူရီးယားဓာတ်မြေဩဇာတင်သွင်းသောကုမ္ပဏီများကို တင်ဒါ၊ ယှဉ်ပြိုင်စနစ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ယူရီးယားမြေဩဇာဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီသည် ပြည်ပတွင် ယူရီးယားမြေဩဇာဈေးနှုန်းများ မတည်ငြိမ်မှုကြောင့် ပြည်တွင်း ကုမ္ပဏီတစ်ခုချင်းအလိုက် တင်သွင်းရန် အခက်အခဲရှိနေကြသဖြင့် စိုက်ပျိုးချိန်ရာသီအမီ အချိန်မီ တင်သွင်းနိုင်ရေးအတွက် ကုမ္ပဏီများကို စုပေါင်းပြီး သမဝါယမစနစ် Consortium ဖွဲ့စည်းကာ အမြတ်မယူဘဲ စုပေါင်းဝယ်ယူ စုပေါင်းဖြန့်ဖြူးနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့သည့်အပြင် တင်သွင်းရာတွင် ပစ္စည်းမပြတ်လပ်အောင် အသုတ်လိုက် စီစဉ်ပေးကာ တင်သွင်းမှုအတွက် ဈေးနှုန်းပျမ်းမျှတွက်ချက်ပြီး ဈေးနှုန်းတည်ငြိမ်အောင် ဆောင်ရွက်ပေးထားကြောင်း အစည်းအဝေးမှ သိရသည်။

ထို့ပြင် ဓာတ်မြေဩဇာအရည်အသွေးနှင့် အလေးချိန်မှန်ကန်ရေး၊ သတ်မှတ်ရောင်းဈေးထက် ပိုမိုရောင်းချမှုမရှိစေရေး၊ သိုလှောင်ဈေးကစားခြင်းများမရှိစေရေး၊ တောင်သူများသုံးစွဲမှု ရှိ/မရှိ၊ မြေပြင်လက်ကျန်စာရင်း မှန်ကန်မှုရှိမရှိတို့ကိုလည်း ယူရီးယားမြေဩဇာဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီက စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**




❖ *ရှေ့ဖုံးမှ*

နေပြည်တော် ပျဉ်းမနားမြို့နယ် ပန်းခင်း (၃) လမ်းနေ ဦးဝင်းကိုကို၊ နေပြည်တော် ပျဉ်းမနားမြို့နယ် သဲကျွန်းကျေးရွာမှ ဦးမောင်မောင်ဆွေ၊ မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ကျောက်တိုင်ကျေးရွာမှ ဦးရဲရင့်ဇော်၊ မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ပုတီးကုန်းကျေးရွာမှ ဦးဝင်းမင်းထွန်း၊ မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ပုတီးကုန်းကျေးရွာမှ ဦးစိုးမင်း၊ မွန်ပြည်နယ် ရေးမြို့နယ် ခေါဇာမြို့ ရာဇာဓိရာဇ်လမ်းနေ ဦးညဏ်လင်းထက်တို့က ရှေးဟောင်းဝတ္ထုပစ္စည်းများ လာရောက်အပ်နှံခဲ့သည့်အတွက် ဆုကြေးငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန လောကနတ်ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဟောင်းဝတ္ထုပစ္စည်းများကို အကြောင်းအမျိုးမျိုးဖြင့် တွေ့ရှိခြင်းဖြင့်သော်လည်းကောင်း၊ ဝါသနာအလျောက် စုဆောင်းထားခြင်းဖြင့်သော်လည်းကောင်း ရရှိသိမ်းဆည်းထားပြီး နိုင်ငံတော်သို့ အပ်နှံပါက ရှေးထည်ပစ္စည်းများဖြစ်ပါက ပညာရှင်အဖွဲ့၏ စိစစ်သုံးသပ်ချက်အရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ အရည်အသွေးစစ်ဆေး၍ အရည်အသွေးနှင့်အလေးချိန်ကို ယင်းနေ့ပြင်ပပေါက်ဈေးဖြင့် မူလတန်ဖိုးတွက်ချက်၍ ပျူခေတ်လက်ရာပစ္စည်းများဆိုပါက မူလတန်ဖိုးများအပြင် ခေတ်ကာလတန်ဖိုး ရာခိုင်နှုန်း ၈၀၊ ခေတ်လက်ရာတန်ဖိုး ရာခိုင်နှုန်း ၄၀ မှ ၈၀ အထိအပြင် ထပ်ဆောင်းတန်ဖိုးပါ ချီးမြှင့်မည်ဖြစ်ကြောင်း၊ ပုဂံခေတ်လက်ရာပစ္စည်းများဖြစ်ပါက ခေတ်ကာလတန်ဖိုး ရာခိုင်နှုန်း ၇၀၊ ခေတ်လက်ရာတန်ဖိုး ရာခိုင်နှုန်း ၄၀ မှ ၇၀ အထိအပြင် ထူးခြားရှားပါးသည့် ရှေးဟောင်းဝတ္ထုပစ္စည်းများကို ထပ်ဆောင်းတန်ဖိုးအဖြစ် ကာလတန်ဖိုး၏ ရာခိုင်နှုန်း ၄၀ မှ ၈၀ အထိ ထပ်မံချီးမြှင့်ပေးသည့်အတွက် ရှေးဟောင်းဝတ္ထုပစ္စည်းများကို အနည်းဆုံး ခေတ်ကာလပေါက်ဈေး၏ နှစ်ဆခွဲမှ သုံးဆခွဲကျော်အထိ ဆုကြေးငွေများ ချီးမြှင့်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များသည် တိုင်းပြည်၏ ဂုဏ်သိက္ခာနှင့် ခိုင်မာသည့် သမိုင်းသက်သေများဖြစ်သဖြင့် ရေရှည်တည်တံ့အောင် ထိန်းသိမ်းရန် အရေးကြီးကြောင်း၊ ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းရာတွင် ပြည်သူလူထု၏ တာဝန်သိစိတ်နှင့် ပူးပေါင်းပါဝင်မှုသည် ပဓာနကျပြီး ယခုကဲ့သို့ စီးပွားရေးအကျိုးအမြတ်ထက် နိုင်ငံတော်အတွက် ရှေးဟောင်းပစ္စည်းများကို စေတနာအပြည့်ဖြင့် လာရောက်အပ်နှံခဲ့ကြသည့် ပြည်သူများ၏ အမျိုးသားရေးအသိကို လေးစားဂုဏ်ယူပါကြောင်း၊ အပ်နှံခဲ့သည့်ပစ္စည်းများကို အမျိုးသားပြတိုက်များတွင် စနစ်တကျ ထိန်းသိမ်းပြသသွားမည်ဖြစ်ပြီး ပြည်သူများအနေဖြင့် မိမိတို့ပတ်ဝန်းကျင်၌ ရှေးဟောင်းပစ္စည်းများတွေ့ရှိပါက သက်ဆိုင်ရာဌာနသို့ ဆက်သွယ်အပ်နှံကြရန်နှင့် သတင်းပေးပို့ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားခဲ့သည်။ **သတင်းစဉ်**

**ရှေ့ဖုံးမှ*

မြန်မာနိုင်ငံ နေပြည်တော် ကိုယ်စားပြု၍ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်)ဦးမျိုးမြင့်အောင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့အစိုးရ ဒုတိယမြို့တော်ဝန်၊ မော်စကိုအစိုးရ၏ သယ်ယူပို့ဆောင်ရေးနှင့် လမ်းအခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးဌာန အကြီးအကဲ မစ္စတာ မက်စင်မ်လစ်ကဆူတော့ တို့က လက်မှတ်ရေးထိုးခဲ့ကြခြင်း ဖြစ်သည်။

အလားတူ အိန္ဒိယနိုင်ငံ Visakhapatnam မြို့၊ ဂါနာနိုင်ငံ Accra မြို့၊ Turkiye နိုင်ငံ Ankara မြို့၊ Brazil နိုင်ငံ Belo Horizonte မြို့၊ Curitiba မြို့၊ Fortaleza မြို့၊ Goiania မြို့၊ Montes Claros မြို့၊ Porto Alegre မြို့၊ Lebanon နိုင်ငံ Beirut မြို့၊ Serbia နိုင်ငံ Belgrade မြို့၊ Sri Lanka နိုင်ငံ Colombo မြို့၊ Tanzania နိုင်ငံ Dar es Salaam မြို့၊ Nicaragua နိုင်ငံ Managua မြို့၊ Uruguay နိုင်ငံ Montevideo မြို့၊ Ecuador နိုင်ငံ Quito မြို့၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Vladivostok မြို့စသည့် မြို့များနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တို့အကြား သယ်ယူပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လျှောက်ထားလွှာကို လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါ (၅)နှစ်ပြည့် နိုင်ငံတကာပို့ဆောင်ရေး ထိပ်သီးအစည်းအဝေး-၂၀၂၆ (5th Anniversary International Transport Summit-2026) ကို ဩဂုတ် ၂ ရက်မှ ၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားတွင် Mr. Maksim Liksutov မော်စကိုမြို့ ဒုတိယမြို့တော်ဝန် (သယ်ယူပို့ဆောင်ရေးနှင့် စက်မှုလုပ်ငန်း)၊ Mr. Dmitry Zverev ရုရှားဖက်ဒရေးရှင်းနိုင်ငံ သယ်ယူပို့ဆောင်ရေး ဒုတိယဝန်ကြီးနှင့် State Secretary၊ Mr. Vladimir Efimov မော်စကိုမြို့ ဒုတိယမြို့တော်ဝန် (မြို့ပြစီမံကိန်းမူဝါဒနှင့် ဆောက်လုပ်ရေး)တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ယင်းထိပ်သီးအစည်းအဝေးသည် မိတ်ဖက်မြို့ပြများအကြား သယ်ယူပို့ဆောင်ရေးစနစ် ခေတ်မီဆန်းသစ်ရေးနှင့် ဒီဂျစ်တယ်နည်းပညာဆိုင်ရာ တီထွင်ဆန်းသစ်မှုများတွင် အဆင့်မြင့်ကျွမ်းကျင်မှုများကို အပြန်အလှန်မျှဝေရန်၊ မြို့ပြသယ်ယူပို့ဆောင်ရေးကဏ္ဍ တိုးတက် ကောင်းမွန်စေရန်နှင့် လူနေမှုဘဝ အရည်အသွေးကို မြှင့်တင်ရန်အတွက် ပူးပေါင်းဆောင်ရွက်မည့် မဟာဗျူဟာများကို ဖော်ဆောင်ပေးရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်)၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီဝင်နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**




## လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း ဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၄

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး



**နေပြည်တော် ဩဂုတ် ၄**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် “ဝ”ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View ဟိုတယ် အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP) ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်း၊ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် ဦးပေါက်အိုက်ခမ်း၊ ၁၇၁ စစ်ဒေသနိုင်ငံရေးမှူး ဦးထင်ဆမ်ရုန်း၊ တပ်မဟာ ၄၈၅ တပ်မဟာမှူး ဦးပေါက်ကျွင်းလုံ၊ တပ်မဟာ ၄၆၈ နိုင်ငံရေးမှူး ဦးကျောက်ရှောက်ဖူ၊ ဒုတိယစစ်ဦးစီးမှူး ဦးလီကော်ဖျင်နှင့် လားရှိုးဆက်ဆံရေးရုံးတာဝန်ခံ ဦးကျောက်ညီရန်းတို့ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆက်လက်၍ ဆွေးနွေးပွဲ ပထမရက်၌ ဆက်လက်ဆွေးနွေးရန်ကျန်ရှိသည်များအား ဆွေးနွေးပြီးနောက် နှစ်ရက်တာ ဆွေးနွေးညှိနှိုင်းရရှိမှုများအား မှတ်တမ်းတင်ကြသည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က နှစ်ရက်တာ ဆွေးနွေးချက်များမှ ပြည်ထောင်စုမပြိုကွဲရေးနှင့် ခွဲမထွက်ရေး၊ ဒေသတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာကိစ္စရပ်များ၊ လက်တွေ့ပူးပေါင်းဆောင်ရွက်မှုများမှ တစ်ဆင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဖော်ဆောင်နိုင်ရေး၊ နှစ်ဖက်ခေါင်းဆောင်များ သီးသန့်တွေ့ဆုံဆွေးနွေးမှုမှ နှစ်ဖက်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်မှုအခြေအနေများအား ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် နှစ်ရက်တာဆွေးနွေးညှိနှိုင်းချက်များအရ ညှိနှိုင်းရရှိချက်များအား မှတ်တမ်းတင်လက်မှတ်ရေးထိုးကြသည်။ ယင်းနောက် “ဝ”ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP) ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်းက ကျေးဇူးတင်စကားပြောကြားရာတွင် ယနေ့ဆွေးနွေးပွဲသည် ရင်းနှီးပွင့်လင်းစွာဆွေးနွေးပြီး နှစ်ဦးနှစ်ဖက်မှ နိုင်ငံတော်ငြိမ်းချမ်းရေးတည်ဆောက်မှု၊ ဒေသတည်ငြိမ်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး စသည့်အကြောင်းအရာများကို ဆွေးနွေးခဲ့ကြပြီး ကောင်းမွန်သော ဆွေးနွေးညှိနှိုင်းမှုရလဒ်များ ရရှိခဲ့ပါကြောင်း၊ နိုင်ငံရေးနည်းလမ်းဖြင့် သဘောထားကွဲလွဲမှုများကို ဖြေရှင်းရန်၊ ငြိမ်းချမ်းသောနည်းလမ်းဖြင့် သဘောတူညီမှုများ တည်ဆောက်ရန်နှင့် ငြိမ်းချမ်းရေးလမ်းစဉ်ကို မြဲမြံစွာလျှောက်လှမ်းရန် ထောက်ခံပါကြောင်း၊ မိမိတို့အနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းသားလူမျိုးများနှင့် လူမှုအဖွဲ့အစည်းအားလုံးက အချင်းချင်းသည်းခံမှု၊ အတူယှဉ်တွဲနေထိုင်မှု အယူအဆကို လက်ကိုင်ထားကာ အပြန်အလှန်လေးစားမှု၊ အပြန်အလှန်ကူညီဖေးမမှုတို့ဖြင့် နေထိုင်ကြရန် စိတ်ရင်းမှန်ဖြင့် မျှော်လင့်ပါကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် အတူယှဉ်တွဲနေထိုင်မှုသည် နိုင်ငံတော်၏ ရေရှည်တည်ငြိမ်အေးချမ်းရေးအတွက် အခြေခံအုတ်မြစ်ဖြစ်ပါကြောင်း၊ သည်းခံမှု၊ အပြန်အလှန်ယုံကြည်မှုနှင့် စည်းလုံးညီညွတ်မှုကို အမြဲတစေလိုက်နာပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် ပုံမှန်ဆက်သွယ်မှုထားရှိကာ နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းပြီး စည်းလုံးညီညွတ်မှုရှိသော အခင်းအကျင်းကို အတူတကွထိန်းသိမ်းသွားရန် ဆန္ဒရှိပါကြောင်း၊ မြန်မာနိုင်ငံအတွက် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး၊ ရေရှည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အတူတကွ တွန်းအားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် (ဝဲပုံ)က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် နှစ်ရက်တာ ဆွေးနွေးမှုများကို နက်နက်ရှိုင်းရှိုင်းဆွေးနွေးနိုင်ခဲ့ပြီး အောင်မြင်သည့် ဆွေးနွေးပွဲတစ်ရပ်ဖြစ်ကြောင်း၊ “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) သည် မြန်မာ-တရုတ် နယ်နိမိတ်အနီးတွင်တည်ရှိပြီး သံတမန်ဆက်ဆံရေးအတွက်လည်း အရေးကြီးသည့်နေရာတစ်ခုဖြစ်ပါကြောင်း၊ မိမိတို့အဖွဲ့နှစ်ဖွဲ့ အမြဲမပြတ်ထိတွေ့ဆက်ဆံခြင်းသည် မြန်မာ-တရုတ် ဆက်ဆံရေးအတွက် အရေးကြီးသည့် အထောက်အပံ့ဖြစ်ပါကြောင်း၊ “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီနှင့် NSPNC အမြဲထိတွေ့ဆက်ဆံပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်း၊ “ဝ” တိုင်းရင်းသားများသည်လည်း မြန်မာနိုင်ငံတိုင်းရင်းသားများဖြစ်သည့်အတွက် ဆက်လက်ပြီး ကူညီပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ NSPNC အနေဖြင့် မည်သည့်တိုင်းရင်းသားမဆို တိုင်းရင်းသားညီအစ်ကိုရင်းချာသဖွယ် သတ်မှတ်ပြီး တန်းတူဆွေးနွေးဆောင်ရွက်ပါကြောင်း၊ ယနေ့ဆွေးနွေးပွဲသည် အလွန်တန်ဖိုးရှိသည့် ခြေလှမ်းတစ်ခုဖြစ်ပြီး အနာဂတ်အတွက် မျှော်လင့်ချက်များစွာရှိသည့် ခြေလှမ်းများကို ရှေ့ဆက်လက်လျှောက်လှမ်းနိုင်ရေး အစပြုခြင်းဖြစ်ပါကြောင်း ပြောကြားခဲ့ကာ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်၍ ဆွေးနွေးပွဲအား ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

❍ ***ရှေ့ဖုံးမှ***

မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်ထားပါသည်။

**မိုး/ဇလ**

**ယနေ့နံနက်မှ ၇-၈-၂၀၁၆ ရက်နေ့အတွင်း မိုးလေဝသသင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ။**




## မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းနှင့်စပ်လျဉ်း၍ မြစ်ကြီးနားဒေသခံများနှင့် အပြန်အလှန်ဆွေးနွေး

**မြစ်ကြီးနား ဩဂုတ် ၄**

ဧရာဝတီမြစ်ဆုံ-မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ် စီမံကိန်းနှင့် စပ်လျဉ်း၍ မြစ်ကြီးနားမြို့ပေါ်ရပ်ကွက်နေ ပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲများကို ယနေ့တွင် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်နှင့် ရွှေစက်ရပ်ကွက်တို့၌ ပြုလုပ်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာအောင်ဝင်းက ရေအားလျှပ်စစ်စီမံကိန်းနှင့် ပတ်သက်သော နည်းပညာဆိုင်ရာအချက်အလက်များ၊ ဘူမိဗေဒဆိုင်ရာ ပညာရှင်တွေ့ရှိချက်များ၊ လျှပ်စစ်စွမ်းအင်ရရှိမှုပေါ် မူတည်၍ နိုင်ငံတစ်ခုနှင့်တစ်ခု ဖွံ့ဖြိုးတိုးတက်မှုကွာခြားပုံ၊ မြစ်ဆုံနေရာကို ရွေးချယ်ရခြင်း၏



အင်ဂျင်နီယာဆိုင်ရာ အားသာချက်များကို သုံးသပ်ဆွေးနွေးပြောကြားသည်။

အခမ်းအနားသို့ တက်ရောက်လာသည့် ရပ်ကွက်နေပြည်သူများက မြစ်ဆုံစီမံကိန်းနှင့်ပတ်သက်၍ သိရှိလိုသည့် အချက်အလက်များ၊ ဒေသခံများ၏ အကျိုးအမြတ်၊ ခံစားခွင့်၊ စိုးရိမ်ပူပန်မှုများအပေါ် ပွင့်ပွင့်လင်းလင်း မေးမြန်းခဲ့ကြရာ ကချင်ပြည်နယ်ဒေသခံကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် နည်းပညာဆိုင်ရာ ငလျင်နှင့်တမံကြီးများ၏ ကြံ့ခိုင်မှု၊ ဒေသခံများအလုပ်အကိုင်အခွင့်အလမ်းရရှိမှု၊ မြစ်ဆုံဆည်ပြီးစီးပါက လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာနိုင်သည့် အခြေအနေများနှင့် ဒေသခံပြည်သူများ၏အကျိုးအမြတ်ခံစားခွင့်များကို အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၄**

ဩဂုတ် ၅ ရက်၌ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ကချင်ပြည်နယ်တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

ဆောင်းပါးတွင် ဖော်ပြထားသည်များမှာ စာရေးသူ၏ အာဘော်သာ ဖြစ်ပါသည်။

# ဥပဒေစိုးမိုးမှုဖြင့် စည်းလုံးညီညွတ်သောအင်အားကို စုစည်းပြီး ဖွံ့ဖြိုးတိုးတက်မှုဖြင့် ဘုံသာယာဝပြောမှုကို မြှင့်တင်မည်

မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စ မာကျား

**ယခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် "တရုတ်ပြည်သူ့သမ္မတနိုင်ငံ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် တိုးတက်မှုမြှင့်တင်ရေးဥပဒေ" ကို ပြဋ္ဌာန်းကျင့်သုံးခဲ့ပါသည်။ ဤဥပဒေသည် အဓိကကျသောအောင်မြင်မှုကြီး သုံးရပ်ကို "ပထမဆုံးအကြိမ်" ဖော်ဆောင်နိုင်ခဲ့ပါသည်။**

၎င်းတို့မှာ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ရှီကျင့်ဖျင်၏ တိုင်းရင်းသားရေးရာလုပ်ငန်းစဉ် တိုးမြှင့်ရေးနှင့် ပြုပြင်မွမ်းမံရေးဆိုင်ရာ အရေးပါသော အတွေးအခေါ်များကို ဥပဒေအတွင်း ပထမဆုံးအကြိမ် ထည့်သွင်းပြဋ္ဌာန်းခဲ့ခြင်း၊ တရုတ်အမျိုးသား ဘုံအသိုက်အဝန်း အသိစိတ်ဓာတ်ကို ခိုင်မာစေခြင်းနှင့် တရုတ်အမျိုးသားဘုံကံကြမ္မာ အသိုက်အဝန်းတည်ဆောက်ရေးကို တွန်းအားပေးခြင်း စသည့်အဓိက အယူအဆ အတွေးအခေါ်ကို ဥပဒေဆိုင်ရာ သီအိုရီရှုထောင့်မှ ပထမဆုံးအကြိမ် ရှင်းလင်းတင်ပြခဲ့ခြင်း၊ ခေတ်ကာလအသစ်၏ တိုင်းရင်းသားရေးရာလုပ်ငန်းစဉ် အခင်းအကျင်းကို ဥပဒေအတွင်း၌ ပထမဆုံးအကြိမ် ပေါ်လွင်ထင်ရှားစေခဲ့ခြင်းတို့ ဖြစ်ပါသည်။

ဤဥပဒေသည် တိုင်းရင်းသားရေးရာ လုပ်ငန်းစဉ်တွင် ရရှိခဲ့သော အဓိက မူဝါဒရေးရာနှင့် လက်တွေ့ကျသော အသီးအပွင့်များကို နိုင်ငံတော်၏ ဥပဒေပြုရေးနည်းလမ်းဖြင့် နိုင်ငံတော်၏ ဆန္ဒအဖြစ်သို့ အောင်မြင်စွာ ပြောင်းလဲပေးလိုက်ခြင်းဖြစ်ပြီး ခေတ်ကာလအသစ်၏ တိုင်းရင်းသားများ စည်းလုံးညီညွတ်ရေးနှင့် တိုးတက်ရေးလုပ်ငန်းစဉ်များအတွက် ခိုင်မာသော ဥပဒေစိုးမိုးရေး အာမခံချက်ကို ပံ့ပိုးပေးထားပါသည်။

ကျွန်မအနေဖြင့် ဤအခါသမယအခွင့်အရေးကို အသုံးပြု၍ မြန်မာနိုင်ငံရှိ နယ်ပယ်ကဏ္ဍအသီးသီးမှ မိတ်ဆွေများအား ဤဥပဒေ၏ အဓိကအယူအဆများ၊ စည်းမျဉ်းစည်းကမ်းရေးဆွဲခြင်းနှင့် လက်တွေ့ဆောင်ရွက်မှု အကျိုးရလဒ်များကို မိတ်ဆက်ပေးလိုပြီး တရုတ်နိုင်ငံ၏ ဥပဒေနှင့်အညီ တိုင်းရင်းသားများ စည်းလုံးညီညွတ်ရေးနှင့် တိုးတက်ရေးလုပ်ငန်းစဉ်များကို တွန်းအားပေးဆောင်ရွက်မှုဆိုင်ရာ လက်တွေ့အတွေ့အကြုံများနှင့် အတွေးအခေါ်များကို မျှဝေလိုပါသည်။

ပထမချက်မှာ ဥပဒေဖြင့် မူဝါဒကို သတ်မှတ်ပြီး တိုင်းရင်းသားတန်းတူညီမျှရေးမူဝါဒကို ကိုင်စွဲကာ တရုတ်အမျိုးသား ဘုံအသိုက်အဝန်း အသိစိတ်ဓာတ်ကို ခိုင်မာစေခြင်းဖြစ်ပါသည်။ ဥပဒေ၏ အစ၌ပင် တိုင်းရင်းသားအားလုံး တန်းတူညီမျှမှုရှိစေရေးကို တိုင်းရင်းသားရေးရာ လုပ်ငန်းစဉ်၏ အခြေခံမူအဖြစ် သတ်မှတ်ထားပြီး မည်သည့်နည်းလမ်းဖြင့် မဆို တိုင်းရင်းသား ခွဲခြားဆက်ဆံမှုနှင့် ဖိနှိပ်မှုများကို ပြတ်ပြတ်သားသား ပိတ်ပင်ထားကာ တိုင်းရင်းသားအားလုံး နိုင်ငံတော်စီမံခန့်ခွဲမှုတွင် တန်းတူညီမျှ ပါဝင်ခွင့်နှင့် ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များအား တန်းတူမျှဝေ ခံစားခွင့်တို့ကို ဥပဒေဆိုင်ရာ သီအိုရီရှုထောင့်မှ အာမခံပေးထားပါသည်။

ပြန်လည်ပေါင်းစည်းမှုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ တိုင်းရင်းသားဝိသေသ အချက်အလက်များနှင့် ဒေသဆိုင်ရာအချက်အလက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပြီး တိုင်းရင်းသားလူမျိုးစုများ၏ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု စသည့်ကဏ္ဍ အသီးသီးရှိ တန်းတူညီမျှသော အခွင့်အရေးများကို အာမခံပေးထားပါသည်။ လူဦးရေပမာဏ မည်မျှပင် နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ တရုတ်အမျိုးသား အနာဂတ်ဘုံကံကြမ္မာ အသိုက်အဝန်း၏ တန်းတူညီမျှသော အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။

ဤဥပဒေသည် တရုတ်အမျိုးသား ဘုံအသိုက်အဝန်း အသိစိတ်ဓာတ်ခိုင်မာစေရေးကို ပင်မလမ်းကြောင်းအဖြစ် ထားရှိပြီး တိုင်းရင်းသား ယဉ်ကျေးမှုကွဲပြားခြားနားမှုများကိုလည်း လုံလောက်စွာ ထည့်သွင်းစဉ်းစားပေးထားပါသည်။ ဥပဒေအရ တိုင်းရင်းသားအသီးသီး၏ မိခင်ဘာသာစကားနှင့် စာပေကို အသုံးပြုခွင့်၊ ဖွံ့ဖြိုးတိုးတက်စေခွင့်နှင့် မိမိတို့ တိုင်းရင်းသား၏ ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာထိန်းသိမ်းခွင့် သို့မဟုတ် ပြုပြင်ပြောင်းလဲ

> " နိုင်ငံအသီးသီး၏ သမိုင်းယဉ်ကျေးမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းများသည် ကိုယ်ပိုင်အသွင်အပြင်များရှိကြပြီး အပြန်အလှန်လေးစားခြင်း၊ တန်းတူညီမျှ ကူးလူးဖလှယ်ခြင်းနှင့် အတွေ့အကြုံများမျှဝေခြင်းတို့သည် ကမ္ဘာ့မတူညီသော ယဉ်ကျေးမှုများအကြား နားလည်မှုပိုမိုရရှိစေရန်နှင့် ပူးပေါင်းဆောင်ရွက်မှု နက်ရှိုင်းစေရန် အထောက်အကူပြုပါသည်။ တရုတ်နိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင် အဆိုပြုခဲ့သော ကမ္ဘာလုံးဆိုင်ရာ ယဉ်ကျေးမှုအစီအမံ၏ အဓိက သဘောတရားအတိုင်း ကမ္ဘာ့ယဉ်ကျေးမှုကွဲပြားခြားနားမှုကို လေးစားခြင်း၊ လူသားအားလုံး၏ ဘုံတန်ဖိုးများကို မြှင့်တင်ခြင်း၊ နိုင်ငံတကာပြည်သူ့ယဉ်ကျေးမှု ကူးလူးဖလှယ် ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစေခြင်းတို့ကို အတူတကွအဆိုပြုကြ ကမ္ဘာ့နိုင်ငံအသီးသီး၏ ယဉ်ကျေးမှုဖလှယ်ရေး၊ ယဉ်ကျေးမှုပေါင်းစည်းရေးနှင့် ပြည်သူချင်း စိတ်ချင်းဆက်နွယ်ရေးဆိုင်ရာ အခင်းအကျင်းသစ်ကို ဖော်ဆောင်နိုင်ရန် ကြိုးပမ်းသွားရမည်ဖြစ် "

ခွင့်တို့ကို အာမခံပေးထားပြီး ဥပဒေဖြင့် သဟဇာတဖြစ်မှုကို ထိန်းသိမ်းကာ စည်းမျဉ်းစည်းကမ်းများ၏ နွေးထွေးမှုဖြင့် တစ်ဦးချင်းစီ၏ ထူးခြားမှုကို ကာကွယ်စောင့်ရှောက်ပေးထားပါသည်။

ဒုတိယချက်မှာ စည်းလုံးညီညွတ်စွာ အတူတကွ ရှင်သန်နေထိုင်ပြီး ကူးလူးဖလှယ်ရေးလမ်းကြောင်းများကို ပွင့်လင်းစေကာ တိုင်းရင်းသားပြည်သူများ အတူတကွနေထိုင်ခြင်း၊ ပညာသင်ကြားခြင်း၊ အလုပ်လုပ်ကိုင်ခြင်း၊ သာယာပျော်ရွှင်ခြင်းကို တွန်းအားပေးခြင်းဖြစ်ပါသည်။ တိုင်းရင်းသားအသီးသီးအပြန်အလှန် ကျယ်ကျယ်ပြန့်ပြန့် ကူးလူးဖလှယ်နိုင်ရေးကို ပိုမိုအားကောင်းစေခြင်းသည် ဤဥပဒေတွင် အထူးကဏ္ဍတစ်ရပ်အဖြစ် ပြဋ္ဌာန်းထားသော အဓိကတာဝန် ဖြစ်ပါသည်။

လက်ရှိ တရုတ်နိုင်ငံတွင် လူဦးရေ နှစ်ဦးနှစ်ဖက် ကူးလူးသွားလာမှုသည် ပုံမှန်အခြေအနေ ဖြစ်လာခဲ့ပြီး တစ်နိုင်ငံလုံးတွင် တိုင်းရင်းသားလူမျိုးစု ရွှေ့ပြောင်းလူဦးရေ ၃၃ သန်း ကျော်ရှိကာ တိုင်းရင်းသားလူမျိုးများ၏ သုံးပုံတစ်ပုံကျော်သည် မြို့ကြီးများနှင့် လူနေအိမ်ခြေ မထူထပ်သော ဒေသများတွင် သွားရောက်နေထိုင်ကြသဖြင့် ကျယ်ပြန့်စွာ ပျံ့နှံ့နေထိုင်ခြင်း၊ အနည်းငယ်မျှသာ စုစည်းနေထိုင်ခြင်းနှင့် အခြားလူမျိုးများနှင့် ရောနှောနေထိုင်ခြင်းပုံစံမှာ ပိုမိုနက်ရှိုင်းလာခဲ့ပါသည်။

ဤဥပဒေသည် ပညာရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွား၊ အားကစား၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ရပ်ကွက်တည်ဆောက်ရေးစသည့် ကဏ္ဍများမှ အသေးစိတ်အစီအမံများကို သတ်မှတ်ပေးထားပြီး အပြန်အလှန်ဆက်စပ်ယှက်နွယ်နေသော ရပ်ရွာပတ်ဝန်းကျင် တည်ဆောက်ရေး၊ ပညာရေး၊ ယဉ်ကျေးမှု၊ အားကစား၊ ခရီးသွားလုပ်ငန်း စသည့်လမ်းကြောင်းများမှတစ်ဆင့် တိုင်းရင်းသားများ အပြန်အလှန် ကူးလူးဖလှယ်နိုင်ရေးအတွက် တိကျသော စည်းမျဉ်းများကို ပြဋ္ဌာန်းပေးထားပါသည်။

မတူညီသော တိုင်းရင်းသားလူမျိုးများအနေဖြင့် နေ့စဉ် အတူတကွထိတွေ့ဆက်ဆံမှုများမှတစ်ဆင့် အပြန်အလှန် သိရှိနားလည်မှုနှင့် အသိအမှတ်ပြုမှုများကို ပိုမိုတိုးတက်စေကာ အတားအဆီးများကို ဖယ်ရှားပြီး ဘုံသဘောတူညီချက်များကို စုစည်းစေလျက် တရုတ်အမျိုးသား ဘုံအသိုက်အဝန်း အယူအဆကို နေ့စဉ်ဘဝ၏ အစိတ်အပိုင်းတိုင်းတွင် စိမ့်ဝင်ပေါင်းစပ်စေပါသည်။

တတိယချက်မှာ လက်တွေ့ကျကျ ကြိုးပမ်း၍ ပြည်သူများ သာယာဝပြောစေပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုဖြင့် ကွာဟချက်များကို ကျဉ်းမြောင်းစေကာ တိုင်းရင်းသားပြည်သူအားလုံး ခေတ်မီဆန်းသစ်မှု အသီးအပွင့်များကို မျှဝေခံစားစေခြင်းဖြစ်ပါသည်။ ဤဥပဒေသည် တိုင်းရင်းသားအားလုံး အတူတကွသာယာဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကထား တွန်းအားပေးပါသည်။ ၂၀၁၂ ခုနှစ် တရုတ်ကွန်မြူနစ်ပါတီ၏ ၁၈ ကြိမ်မြောက် အမျိုးသားကိုယ်စားလှယ်များညီလာခံမှစ၍ တရုတ်နိုင်ငံ၏တိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ငါးခု၏ ဂျီဒီပီ (GDP)သည် ယွမ် ၃ ဒသမ ၂၅ ထရီလီယံမှ လတ်တလောနှစ်များအတွင်း ယွမ် ၈ ဒသမ ၆၆ ထရီလီယံအထိ တိုးတက်လာခဲ့ပြီး စုစုပေါင်း ပမာဏမှာ နှစ်ဆကျော် တိုးတက်လာခဲ့ကာ ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်များ စဉ်ဆက်မပြတ် ကျဉ်းမြောင်းလာခဲ့ပါသည်။

မြောက်ဖျားမှ တောင်ဖျားအထိ၊ ကုန်းမြင့်ဒေသမှသည် နယ်စပ်ဒေသများအထိ တိုင်းရင်းသားဒေသအသီးသီးရှိ သယ်ယူပို့ဆောင်ရေး၊ စွမ်းအင်၊ ဆက်သွယ်ရေးစသည့် အခြေခံအဆောက်အအုံများသည် တစ်ဟုန်ထိုးဖွံ့ဖြိုးတိုးတက်ခဲ့ပြီး ပညာရေး၊ ကျန်းမာရေး၊ အိမ်ရာနှင့် လူမှုဖူလုံရေး စသည့် ပြည်သူ့ဝန်ဆောင်မှု အဆင့်အတန်းများမှာလည်း စဉ်ဆက်မပြတ် မြင့်မားလာခဲ့ပါသည်။ လူနေမှုဘဝ တိုးတက်လာမှုကို ပြသနေသည့် ကိန်းဂဏန်းများ၏ နောက်ကွယ်တွင် စစ်မှန်သောချမ်းသာသုခနှင့် ပျော်ရွှင်ကြည်နူးမှုများ တည်ရှိနေပါသည်။

နိုင်ငံတစ်နိုင်ငံ၏ တိုင်းရင်းသားမူဝါဒနှင့် စီမံခန့်ခွဲမှု လက်တွေ့ဆောင်ရွက်ချက်များကို လေ့လာကြည့်ရှုရာတွင် ဖြစ်ရပ်မှန်များ၊ ဖွံ့ဖြိုးတိုးတက်မှုများနှင့် ပြည်သူတို့၏ လူနေမှုဘဝ စစ်မှန်စွာတိုးတက်ကောင်းမွန်လာခြင်း ရှိမရှိဆိုသည့်အချက်များအပေါ်တွင် အဓိက ကြည့်ရှုရမည်ဖြစ်ပါသည်။ တိုင်းရင်းသားဒေသများ၏ အခြေခံအဆောက်အအုံများဖြစ်သော အမြန်ရထားများသည် နယ်စပ်ဒေသများအထိ ရောက်ရှိခဲ့ပြီး လမ်းမကြီးများကိုလည်း ကျေးရွာများအထိ ဖောက်လုပ်ခင်းကျင်းခဲ့ကာ လျှပ်စစ်ဓာတ်အားကွန်ရက်များသည် တောတောင်များအထိ ဖြန့်ဖြူးခဲ့ပါသည်။

တိုင်းရင်းသားဒေသများ၏ ပြည်သူ့သုခချမ်းသာများဖြစ်သော စာသင်ကျောင်းများကို အိမ်ရှေ့ဝင်းဝအထိ ဆောက်လုပ်ပေးခဲ့ပြီး ဆေးရုံများတွင် အဆင့်မြင့်စက်ပစ္စည်းများကို တပ်ဆင်ပေးခဲ့ကာ အိမ်ရာအခြေအနေများမှာလည်း သစ်လွင်တောက်ပလာခဲ့ပါသည်။ တိုင်းရင်းသားယဉ်ကျေးမှုများ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် လက်ဆင့်ကမ်းရေးတွင်လည်း ရှေးဟောင်းသမိုင်းဝင်ကဗျာများမှာ ဆက်လက်သီဆိုနေဆဲဖြစ်ပြီး ရိုးရာပွဲတော်များသည် ပိုမိုစည်ကားလာခဲ့ကာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် အတတ်ပညာများသည်လည်း မျိုးဆက်အလိုက် လက်ဆင့်ကမ်းလျက်ရှိပါသည်။

ရှင်းကျန်းဒေသ၌ ၂၀၂၅ ခုနှစ်တွင် ဒေသဂျီဒီပီ (GDP)သည် ယွမ် ၂ ဒသမ ၀၄ ထရီလီယံအထိ ရောက်ရှိခဲ့ပြီး ၂၀၁၂ ခုနှစ်ကထက် နှစ်ဆကျော် တိုးတက်လာခဲ့ပါသည်။ ဝါဂွမ်းထုတ်လုပ်မှုပမာဏသည် တစ်နိုင်ငံလုံး၏ ၉၀ ရာခိုင်နှုန်းကျော်ရှိပြီး စပျစ်သီးနှင့် ဆီးသီး စသည့်ဒေသထွက် အထူးသစ်သီးဝလံစိုက်ပျိုးရေးဧရိယာသည် တရုတ်ဧက (မူ) ၂၂ သန်းကျော်ရှိကာ စွမ်းအင်သစ် တပ်ဆင်ပမာဏသည် ကီလိုဝပ် သန်း ၁၀၀ ကျော်လွန်ခဲ့သဖြင့် ဒေသတွင်း စီးပွားရေးအသွင်ကူးပြောင်းမှုအတွက် သန်မာသော မောင်းနှင်အားများကို ဖြည့်ဆည်းပေးခဲ့ပါသည်။

ဒေသတစ်ခုလုံးရှိ အဆင့်အသီးသီး ကျောင်းပေါင်း ၈၀၀၀ ကျော်တွင် ကျောင်းသား ကျောင်းသူဦးရေခြောက်သန်းကျော်ရှိပြီး ပညာရေးအဆင့်အတန်း စဉ်ဆက်မပြတ်မြင့်မားလာခဲ့ကာ အောက်ခြေအဆင့် ကျန်းမာရေးဝန်ဆောင်မှုကွန်ရက်မှာလည်း အပြည့်အဝ မြင့်တက်ခဲ့ပါသည်။ တစ်ချိန်တည်းမှာပင် Uyghur Muqam အနုပညာနှင့် Manas သမိုင်းဝင်ကဗျာတို့ကို ယူနက်စကို၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းတွင် ထည့်သွင်းနိုင်ခဲ့ပြီး တိုင်းရင်းသားအသီးသီး၏ ဘာသာစကားနှင့် စာပေသုံးစွဲခွင့် အခွင့်အရေးများကို ဥပဒေနှင့်အညီ အပြည့်အဝ အာမခံပေးထားကာ ရိုးရာဂီတ၊ အကနှင့် လက်မှုအတတ်ပညာများကို စနစ်တကျထိန်းသိမ်းစောင့်ရှောက်ပေးထားပါသည်။

ရှီးဇန့်ဒေသ၌ ၂၀၂၅ ခုနှစ်တွင် ဒေသဂျီဒီပီ (GDP)သည် ယွမ်ဘီလီယံ ၃၀၀ ကျော်လွန်ခဲ့ပြီး ၂၀၁၂ ခုနှစ်ကထက် သုံးဆနီးပါး တိုးတက်လာခဲ့ပါသည်။ ချင်းဟိုင်-ရှီးဇန့် ရထားလမ်း၊ လာဆာ-ရှီဂါဇဲ ရထားလမ်း၊ စီချွမ်-ရှီးဇန့် ရထားလမ်း (ယာအန်းမှ လင်းကျီမြို့လမ်းပိုင်း) စသည့် အဓိက အခြေခံအဆောက်အအုံစီမံကိန်းများကို စဉ်ဆက်မပြတ် တွန်းအားပေးခဲ့သဖြင့် လမ်းမကြီး မိုင်တိုင်သည် ကီလိုမီတာ တစ်သိန်းနှစ်သောင်း ကျော်လွန်ခဲ့ပါသည်။

*စာမျက်နှာ ၇ သို့*

# မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီအစည်းအဝေး ကျင်းပ



**နေပြည်တော် ဩဂုတ် ၄**

နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေ တိုးတက်စေရေး၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံသား လုပ်ငန်းရှင်များ ငွေကြေးလည်ပတ်မှု ကောင်းမွန်စေရေး၊ နိုင်ငံသားများ အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ရရှိစေရေးအတွက် (၆၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ကျင်းပရန် ဆောင်ရွက်လျက်ရှိကြောင်း ယနေ့နံနက်ပိုင်းက နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ (ပထမအကြိမ်) အစည်းအဝေးတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးက ပြောကြားသည်။ **(ယာပုံ)**

ထို့ပြင် မန္တလေးလျှင်ဒဏ်ကြောင့် ပျက်စီးခဲ့သော မဏိရတနာကျောက်စိမ်းခန်းမ ပြုပြင်တည်ဆောက်မှုနှင့် ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်) အကြီးစား ပြုပြင်တည်ဆောက်မှုတို့ကို အချိန်မီပြီးစီးနိုင်ရေး အဓိကထား ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း ဆက်လက်ပြောကြားသည်။

အစည်းအဝေးတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီဝင်များက လုပ်ငန်းကော်မတီများအလိုက် ရှင်းလင်းတင်ပြကြပြီး မန္တလေးလျှင်ဒဏ်ကြောင့် ပျက်စီးခဲ့သော မဏိရတနာကျောက်စိမ်းခန်းမပြုပြင်တည်ဆောက်မှုနှင့် ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်) အကြီးစားပြုပြင်တည်ဆောက်မှု အခြေအနေတို့ကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတို့က ရှင်းလင်းတင်ပြကြကာ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများအား ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ-အိန္ဒိယ ဆေးဝါးစံချိန်စံညွှန်းပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် FDA နှင့် IPC တို့ ဒုတိယအကြိမ် အစည်းအဝေးကျင်းပ

**ရန်ကုန် ဩဂုတ် ၄**

မြန်မာ – အိန္ဒိယနိုင်ငံတို့အကြား ဆေးဝါးစံချိန်စံညွှန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေးကိစ္စရပ်များကို အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် Indian Pharmacopoeia Comm–ission (IPC) တို့အကြား အစည်းအဝေးကျင်းပခဲ့ကြောင်း အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ သိရသည်။

ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် Indian Pharmacopoeia Commission(IPC), Government of India တို့အကြား ဒုတိယအကြိမ် ပူးတွဲလုပ်ငန်း အဖွဲ့အစည်းအဝေးကို ဇူလိုင် ၂၇ ရက်မှ ၂၉ ရက်အထိ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပခဲ့ရာ အစည်းအဝေးသို့ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဆွေဆက် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် Indian Pharmacopoeia Commission မှ Dr. V. Kalaiselvan, the Secretary–cum– scientific Director နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ဆေးဝါးစံချိန်စံညွှန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။



အစည်းအဝေးတွင် Indian Phar–macopoeia အသိအမှတ်ပြု အသုံးပြုရေးနှင့် သက်ဆိုင်သည့် လုပ်ငန်းစဉ်များ၊ ဆေးဝါးအရည်အသွေးနှင့် စံချိန်စံညွှန်းများ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေး၊ ဆေးဝါးစမ်းသပ်စစ်ဆေးရေး ဓာတ်ခွဲခန်းများအကြား နည်းပညာဖလှယ်ရေး၊ ကျွမ်းကျင်ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ဆေးဝါးအရည်အသွေးအာမခံမှုနှင့် ဆေးဝါးကွပ်ကဲရေးဆိုင်ရာ လုပ်ငန်းစဉ်များကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ပိုမိုအားကောင်းလာစေရေးတို့နှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဒုတိယအကြိမ် ပူးတွဲလုပ်ငန်းအဖွဲ့အစည်းအဝေးသည် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ဆေးဝါးကဏ္ဍပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာစေရန်၊ အရည်အသွေး အာနိသင်ပြည့်မီပြီး ဘေးကင်းလုံခြုံသော ဆေးဝါးများကို ပြည်သူများထံ ပိုမိုထိရောက်စွာ ရရှိသုံးစွဲနိုင်စေရန်နှင့် ဆေးဝါးစံချိန်စံညွှန်းဆိုင်ရာ နည်းပညာ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်မြှင့်တင်နိုင်ရန်အတွက် အရေးပါသော အစည်းအဝေးတစ်ရပ်ဖြစ်ကြောင်း အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ထုတ်ပြန်ထားသည်။

**MT**

## လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် ဩဂုတ် ၄**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မုတ္တမကွေ့၊ မွန်–တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်–တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။

**မိုး/ဇလ**

*စာမျက်နှာ ၆ မှ*

ကိုးနှစ်တာအတွင်း မဖြစ်မနေ ပညာသင်ကြားရေး ရာခိုင်နှုန်းသည် ၉၈ ရာခိုင်နှုန်းကျော်နှင့် အထက်တန်းအဆင့် ကျောင်းဝင်ရောက်မှုနှုန်းသည် ၉၁ ရာခိုင်နှုန်းကျော်တွင် အမြဲရှိနေပြီး ကျန်းမာရေးဝန်ဆောင်မှုစနစ်သည် **“ဆရာဝန်နှင့် ဆေးဝါးရှားပါးမှု”** အခြေအနေမှ မြို့ရွာ အနှံ့ လွှမ်းမိုးပံ့ပိုးနိုင်ခဲ့သဖြင့် လူတစ်ဦး၏ ပျမ်းမျှသက်တမ်းသည် ၁၉၅၁ ခုနှစ်တွင် ၃၅ ဒသမ ၅ နှစ်မှ ၇၂ ဒသမ ၂ နှစ်အထိ မြင့်မားလာခဲ့ကာ ဝေးလံခေါင်သီသောဒေသရှိ ပြည်သူများ၏ ဆေးကုသရခက်ခဲမှုနှင့် သွားလာရခက်ခဲမှုပြဿနာများကို တိုးတက်ကောင်းမွန်အောင် သမိုင်းဝင်စွာ ဖြေရှင်းနိုင်ခဲ့ပါသည်။

ရှီးဇန့်ဇာတ်သဘင်နှင့် The Epic of King Gesar ကဗျာ စသည့်ယဉ်ကျေးမှုအမွေအနှစ်များကို စနစ်တကျ ထိန်းသိမ်းပေးနိုင်ခဲ့ပြီး ဒြပ်မဲ့ယဉ်ကျေးမှု ကိုယ်စားပြု စီမံကိန်းပေါင်း ၄၀၀ ကျော်ရှိခဲ့ကာ ရိုးရာယဉ်ကျေးမှုများသည် လက်ဆင့်ကမ်းရေးလမ်းကြောင်းတွင် အားမာန်သစ်နှင့် သက်ဝင်လှုပ်ရှားမှုများ ပြန်လည်နိုးထခဲ့ပါသည်။

ယူနန်ပြည်နယ်တွင် အမြဲတမ်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးစု ၂၅ မျိုး ပေါင်းစည်းနေထိုင်ကြပါသည်။ ၂၀၂၅ ခုနှစ်တွင် ယူနန်ပြည်နယ်၏ဒေသဂျီဒီပီ (GDP)သည် ယွမ် ၃ ဒသမ ၂၇ ထရီလီယံအထိ ရောက်ရှိခဲ့ပြီး လူတစ်ဦးချင်းစီ၏ GDP သည် အမေရိကန် ဒေါ်လာ ၁ သောင်းအဆင့်သို့ ရောက်ရှိခဲ့ပါသည်။ နယ်စပ်သာယာဝပြောသော ကျေးရွာ ၃၇၄ ရွာ၏ ပြည်သူတစ်ဦးချင်း သုံးစွဲနိုင်သောဝင်ငွေသည် ယွမ် ၂ ဒသမ ၂ သောင်းအထိ ရောက်ရှိခဲ့ပြီး ပြည်နယ်၏ ပျမ်းမျှအဆင့်ထက် ယွမ် ၅ ထောင်ကျော် ပိုမိုမြင့်မားခဲ့ပါသည်။

တိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်ခွဲ ရှစ်ခုအနက် ခြောက်ခုတွင် အမြန်ရထားလမ်းများ ဖွင့်လှစ်ပြေးဆွဲထားခဲ့ပြီး တိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရခရိုင် ၇၈ ခုလုံးတွင် အဆင့်မြင့်လမ်းမကြီးများ ဖောက်လုပ်ခင်းကျင်းထားကာ ကျေးလက်လျှပ်စစ်ဓာတ်အား ကွန်ရက်ကို အပြည့်အဝပံ့ပိုးနိုင်ခဲ့ပါသည်။

Menglian ခရိုင်တွင် ‘ဝ’ လူမျိုး၏ ရိုးရာယဉ်ကျေးမှုဖြစ်သော “ပင်နောင်ဆိုင်းဟိုင်” သည် ခေတ်ကာလအသစ်၏ အဓိပ္ပာယ်အနှစ်သာရများဟု တင်စားခံရပြီး အိမ်နီးချင်းအပြန်အလှန်ကူညီရေးနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို မြှင့်တင်ပေးသည့် အရေးပါသောအကြောင်းရင်း သော့ချက်တစ်ခုဖြစ်လာခဲ့ပါသည်။ ရွှေလီနှင့် ဝမ်တိန် စသည့် တရုတ်–မြန်မာ နယ်စပ်ဒေသများတွင် နယ်စပ်နေပြည်သူများ အပြန်အလှန်ကုန်သွယ်မှု၊ ယဉ်ကျေးမှုဖလှယ်မှုနှင့် လူငယ်များ ကူးလူးဆက်ဆံမှုတို့ စဉ်ဆက်မပြတ်နက်ရှိုင်းလာခဲ့ပြီး နှစ်နိုင်ငံနယ်စပ်နေ ပြည်သူများ၏ မျိုးဆက်အလိုက် ချစ်ကြည်ရင်းနှီးသော ဆွေမျိုးပေါက်ဖော်စိတ်ဓာတ်သည် နယ်စပ်မျဉ်းပေါ်တွင် သက်ဝင်လှုပ်ရှားစွာ ထင်ဟပ်ပေါ်လွင်လျက်ရှိပါသည်။

အချို့သောအသံများက တိုင်းရင်းသားဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်ရေးကို ဆန့်ကျင်ဘက်အဖြစ် ရှုမြင်ကြပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ယဉ်ကျေးမှုအသွင်အပြင်များကို အားနည်းသွားစေမည်ဟု ယူဆကြပါသည်။ ဤသည်မှာ တရုတ်နိုင်ငံ၏ လက်ရှိအခြေအနေနှင့် ကိုက်ညီမှုမရှိပါ။ စီးပွားရေးအခြေအနေများ တိုးတက်လာခြင်းနှင့် ပြည်သူ့ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လာခြင်းတို့ကြောင့် ကွယ်ပျောက်လုနီးပါးဖြစ်နေသော တိုင်းရင်းသားယဉ်ကျေးမှု အမွေအနှစ် အမြောက်အမြားမှာ ပြန်လည်ရှင်သန် အသက်ဝင်လာကာ ရိုးရာအတတ်ပညာများအတွက် ပိုမိုကျယ်ပြန့်သော လက်ဆင့်ကမ်းရေးအခွင့်အလမ်းများကို ရရှိစေပြီး တိုင်းရင်းသားပြည်သူများအနေဖြင့် ခေတ်မီဆန်းသစ်မှုအတွင်းသို့ ပေါင်းစည်းဝင်ရောက်စဉ် မိမိတို့တိုင်းရင်းသား၏ ယဉ်ကျေးမှုဆိုင်ရာ ဆွဲဆောင်မှုများကို ပိုမိုယုံကြည်မှုရှိစွာဖြင့် ပြသနိုင်ခဲ့ကြပါသည်။

တရုတ်နိုင်ငံသည် နိုင်ငံတကာအသိုင်းအဝိုင်းအား လက်တွေ့ကွင်းဆင်းလေ့လာခြင်းနှင့် ကူးလူးဖလှယ် ပူးပေါင်းဆောင်ရွက်ခြင်းတို့မှတစ်ဆင့် ဘက်လိုက်မှုမရှိသော ဘက်စုံအမြင်ဖြင့် တရုတ်နိုင်ငံ တိုင်းရင်းသားဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှု အပြောင်းအလဲများကို လေ့လာစုံစမ်းရန် အမြဲမပြတ် ကြိုဆိုလျက်ရှိပါသည်။

နိုင်ငံအသီးသီး၏ သမိုင်းယဉ်ကျေးမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းများသည် ကိုယ်ပိုင်အသွင်အပြင်များ ရှိကြပြီး အပြန်အလှန်လေးစားခြင်း၊ တန်းတူညီမျှ ကူးလူးဖလှယ်ခြင်းနှင့် အတွေ့အကြုံများ မျှဝေခြင်းတို့သည် ကမ္ဘာ့မတူညီသော ယဉ်ကျေးမှုများအကြား နားလည်မှု ပိုမိုရရှိစေရန်နှင့် ပူးပေါင်းဆောင်ရွက်မှု နက်ရှိုင်းစေရန် အထောက်အကူပြုပါသည်။ တရုတ်နိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင် အဆိုပြုခဲ့သော ကမ္ဘာလုံးဆိုင်ရာ ယဉ်ကျေးမှုအစီအမံ၏ အဓိက သဘောတရားအတိုင်း ကမ္ဘာ့ယဉ်ကျေးမှု ကွဲပြားခြားနားမှုကို လေးစားခြင်း၊ လူသားအားလုံး၏ ဘုံတန်ဖိုးများကို မြှင့်တင်ခြင်း၊ နိုင်ငံတကာ ပြည်သူ့ယဉ်ကျေးမှု ကူးလူးဖလှယ် ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစေခြင်းတို့ကို အတူတကွအဆိုပြုကာ ကမ္ဘာ့နိုင်ငံအသီးသီး၏ ယဉ်ကျေးမှုဖလှယ်ရေး၊ ယဉ်ကျေးမှုပေါင်းစည်းရေးနှင့် ပြည်သူချင်း စိတ်ချင်းဆက်နွယ်ရေးဆိုင်ရာ အခင်းအကျင်းသစ်ကို ဖော်ဆောင်နိုင်ရန် ကြိုးပမ်းသွားရမည်ဖြစ်ပါသည်။

တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် တိုင်းရင်းသားလူမျိုးစုအများအပြား ပါဝင်သော နိုင်ငံများဖြစ်ကြပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ လူမှုအဖွဲ့အစည်း တည်ငြိမ်ရေးနှင့် နယ်စပ်ဒေသ အေးချမ်းသာယာရေးတို့ကို တန်ဖိုးထားကြပါသည်။ တရုတ်–မြန်မာနယ်စပ်ရှိ တိုင်းရင်းသားအသီးသီး၏ အပြန်အလှန်ဖေးမကူညီကြသည့် နက်ရှိုင်းသော ချစ်ကြည်ရေးသည် နှစ်နိုင်ငံဆက်ဆံရေး၏ ကြာရှည်စွာ ခိုင်မာသစ်လွင်ပြီး သက်ဝင်လှုပ်ရှားသော သက်သေအထောက်အထားကောင်း တစ်ရပ်ဖြစ်ပါသည်။

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံနှင့်အတူ တိုင်းရင်းသားရေးရာစီမံခန့်ခွဲမှု အတွေ့အကြုံများကို မျှဝေရန်၊ တရုတ်–မြန်မာ အေးအတူ ပူအမျှ အသိုက်အဝန်း တည်ဆောက်ရေးကို စဉ်ဆက်မပြတ် အောင်မြင်မှုရလဒ်ကောင်းများ ရရှိစေရန်၊ ဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးတို့အတွက် ပိုမိုကြီးမားသော အားအင်များကို ပံ့ပိုးကူညီပေးသွားရန် ဆန္ဒရှိပါသည်။ ॥

## ၂၀၂၄ ခုနှစ် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက်(၁၉)နှစ်အောက် (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**မန္တလေး ဩဂုတ် ၄**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက်(၁၉)နှစ်အောက် (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက အောင်မြေသာစံမြို့နယ်ရှိ အောင်မြေမန္တလာကွင်း၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီးဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌနှင့် အုပ်ချုပ်သူနည်းပြများ၊ အားကစားသမားများနှင့် ဘောလုံးဝါသနာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ရမည်းသင်းခရိုင်နှင့် ကျောက်ဆည်ခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

ဖွင့်ပွဲ၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၀၂၄ ခုနှစ် စက်တင်ဘာ ၁၆ ရက်မှ ၃၀ ရက်အထိ ရန်ကုန်၊ ပဲခူး၊ ပုသိမ်၊ တောင်ကြီးနှင့်ဘားအံတို့တွင် ကျင်းပမည့် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၁၉)နှစ်အောက် (အမျိုးသမီး)ဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေး မှန်ကန်စွာဖြင့် ရွေးချယ်လေ့ကျင့်ယှဉ်ပြိုင်ကြိုးစားသွားကြရမည်ဖြစ်ကြောင်း ပြောကြားကာ ပြိုင်ပွဲကိုစတင်ဖွင့်လှစ်ပေး၍ အားကစားပစ္စည်းများ ပေးအပ်သည်။

ပြိုင်ပွဲများကို ဩဂုတ် ၁၇ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**







## ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူမည်

**ပဲခူး ဩဂုတ် ၄**

၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယနေ့မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပဲခူးတိုင်းဒေသကြီး တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၏ ညှိနှိုင်းအစည်းအဝေးမှ သိရသည်။

တိရစ္ဆာန်အကောင်ရေစာရင်းသည် လယ်ယာစိုက်ပျိုးရေးနှင့် ဒေသတွင်း စားရေရိက္ခာဖူလုံမှုကို များစွာအထောက်အကူပြုသည့်အတွက် စာရင်းဇယားမှန်ကန်ပြီး သတ်မှတ်ကာလအတွင်း အချိန်မီစာရင်းဇယားကောက်ယူပြီးစီးနိုင်ရေး အားလုံးကြိုးစားဆောင်ရွက်ရန် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အဆိုပါအစည်းအဝေး၌ တိုက်တွန်းမှာကြားခဲ့သည်။

အစည်းအဝေးတွင် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ ကော်မတီအလိုက်လုပ်ငန်းတာဝန်များနှင့် ကောက်ယူရမည့် စာရင်းပုံစံများကို ရှင်းလင်းဆွေးနွေးခြင်း၊ တိုင်းဒေသကြီးအတွင်း တိရစ္ဆာန်အကောင်ရေစာရင်း ကောက်ယူသွားမည့် အစီအမံများကို ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## လေးမျက်နှာမြို့နယ် ရေဘေးသင့်ပြည်သူများအား ဆန်ရိက္ခာနှင့် အခြေခံစားသောက်ကုန်များထောက်ပံ့

**ပုသိမ် ဩဂုတ် ၄**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် အိုင်သပြုကျေးရွာနေ ရေဘေးသင့်ပြည်သူများအတွက် ဆန်ရိက္ခာ၊ စားသုံးဆီ၊ ခေါက်ဆွဲခြောက်၊ ကော်ဖီမစ်၊ ရေသန့်၊ ဆေးဝါးနှင့် အခြားစားသောက်ဖွယ်ရာများကို ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဧရာဝတီဖောင်ဒေးရှင်းတို့က ယနေ့ သွားရောက်ထောက်ပံ့ပေးအပ်သည်။

ရေဘေးသင့်ပြည်သူများအား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်နှင့် တာဝန်ရှိသူများက တွေ့ဆုံထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ပြီး တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်နှင့် ဧရာဝတီဖောင်ဒေးရှင်းမှ တာဝန်ရှိသူတို့က အားပေးစကားပြောကြား၍ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးက ကျန်းမာရေး အသိပညာပေး ဟောပြောဆွေးနွေးသည်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်ရှိ လေးမျက်နှာ–အိုင်သပြု–ငါးသိုင်းချောင်းလမ်းပေါ်၌ ရေတိုက်စားမှုကြောင့် ပျက်စီးခဲ့သည့် တံတားအမှတ်(၁/၆) ပျက်စီးမှုအခြေအနေနှင့် ယာယီဘေလီတံတား တည်ဆောက်နိုင်ရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

လေးမျက်နှာမြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စုများအတွင်း ရေဝင်ရောက်မှု ဖြစ်ပွားချိန်မှစ၍ ဌာနဆိုင်ရာများ၊ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် လူမှုကူညီရေးအသင်းအဖွဲ့များပူးပေါင်းကာ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပရဟိတအဖွဲ့များ၊ တစ်ဦးချင်းအလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အနုပညာရှင်များကလည်း ကွပ်ကဲရေးရုံးများနှင့် ချိတ်ဆက်၍ ထောက်ပံ့ပစ္စည်းများကို နေ့စဉ်လာရောက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



### နေ့အပူချိန်မြင့်မားခဲ့သော စခန်းများ၏ ၄-၈-၂၀၂၄ ရက်နေ့ အမြင့်ဆုံးနေ့အပူချိန်များ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့များ | အမြင့်ဆုံး အပူချိန် ဒီဂရီဆဲလ်စီးယပ် | အမြင့်ဆုံး အပူချိန် ဒီဂရီဖာရင်ဟိုက် |
|---|---|---|---|
| ၁။ | ချောက်မြို့ | ၃၉.၄ | ၁၀၂.၉ |
| ၂။ | ညောင်ဦးမြို့ | ၃၆.၀ | ၉၆.၈ |
| ၃။ | ကျောက်ဆည်(လွန်ကျော်) | ၃၆.၀ | ၉၆.၈ |
| ၄။ | ဆင်ဖြူကျွန်းမြို့ | ၃၅.၂ | ၉၅.၄ |
| ၅။ | တံတားဦး (လေကြောင်းမိုးလေဝသ) | ၃၅.၀ | ၉၅.၀ |
| ၆။ | မုံရွာမြို့ | ၃၄.၆ | ၉၄.၃ |
| ၇။ | ပခုက္ကူမြို့ | ၃၄.၅ | ၉၄.၁ |
| ၈။ | ကလေးဝမြို့ | ၃၄.၅ | ၉၄.၁ |
| ၉။ | မြင်းမူမြို့ | ၃၄.၃ | ၉၃.၇ |
| ၁၀။ | မင်းဘူးမြို့ | ၃၄.၂ | ၉၃.၆ |

## လေးမျက်နှာမြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများ ရေဝင်ရောက်မှုဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၄**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၌ ဇူလိုင် ၃၀ ရက်ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုကြောင့် ငဝန်မြစ်ရေကာတာကျိုးပေါက်မှု ဖြစ်ပွားခဲ့သဖြင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ်ရပ်ကွက် ငါးခု၊ မြို့တွင်းလမ်းမကြီးများနှင့် ပတ်ဝန်းကျင်ကျေးရွာ ၅၇ ရွာသို့ ရေဝင်ရောက်မှုများ ဖြစ်ပွားလျက်ရှိသည်။

အဆိုပါ ရေကာတာကျိုးပေါက်မှုဖြစ်ပွားခဲ့ခြင်းကြောင့် ရေဘေးကူညီကယ်ဆယ်ရေးစခန်း ၁၃ ခု ဖွင့်လှစ်ထားရှိပြီး အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ စုပေါင်း၍ ရေဘေးသင့်ပြည်သူများအား ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ပစ္စည်းများအား ဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းနှင့် လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး မြစ်ရေတိုက်စားပြိုကျမှုမှကာကွယ်ရန် တာခြေထောက်ခြင်းအဖြစ် ကမ်းထိန်းအိတ်များချခြင်း၊ ရေရှိန်တားပြုလုပ်ခြင်း၊ ရေကာတာ တာပေါင်မြေဖို့ခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**






## ဝန်ဂျာတိမ်းရှောင်စခန်းရှိ ယာယီနေထိုင်လျက်ရှိသော ပြည်သူများအတွက် ဆန် ၂၄ ပြည်ပါ ၉၁ အိတ်နှင့် ငွေကျပ်သိန်း ၅၀ ထောက်ပံ့ပေးအပ်

မြစ်ကြီးနား ဩဂုတ် ၄

**ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နမ္မတီးဒေသ ဝန်ဂျာတိမ်းရှောင်စခန်းတွင် နယ်မြေအခြေအနေအရ ယာယီနေထိုင်လျက်ရှိသော ဖားကန့်မြို့နယ် ကျေးရွာများမှ ပြည်သူများအတွက် ဆန် ၂၄ ပြည်ပါ ၉၁ အိတ်နှင့် ငွေကျပ်သိန်း ၅၀ ကို ကချင်ပြည်နယ်အစိုးရအဖွဲ့က ယမန်နေ့က သွားရောက်ထောက်ပံ့ပေးအပ်သည်။**

အဆိုပါ အိမ်ထောင်စုများကို ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ပြည်နယ်ဝန်ကြီးများနှင့်အတူ သွားရောက်တွေ့ဆုံ ထောက်ပံ့ခဲ့ခြင်းဖြစ်ပြီး ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက စခန်းရှိ ကျောင်းသား ကျောင်းသူများအတွက် ညပိုင်းစာသင်စရိတ်ကို ထောက်ပံ့ပေးအပ်သည်။

ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က ဖားကန့်မြို့နယ် ရှုဒူးဇွပ်ကျေးရွာ ကျေးရွာနှစ်ခြင်း ခရစ်ယာန် ဘုရားကျောင်း၌ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများ၊ ဂျိမ်းဖော၊ ရှမ်း၊ လီဆူ၊ ရဝမ်၊ ရခိုင် စာပေယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် တွေ့ဆုံပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ရန်ပုံငွေကျပ်သိန်း ၅၀၊ ဘုရားကျောင်းအတွက် အလှူငွေကျပ် ၁၀ သိန်းနှင့် ရှုဒူးဇွပ်ကျေးရွာအတွက် ခေါက်ဆွဲခြောက်ဖာ ၁၀ ဖာနှင့် ငါးသေတ္တာဘူး ၁၀၀ ကို ပေးအပ်သည်။

အဆိုပါခရီးစဉ်အတွင်း တနိုင်းမြို့နယ် နန်ဖျက်ယန်ကျေးရွာရှိ ဒေသခံတိုင်းရင်းသားပြည်သူများအား သွားရောက်တွေ့ဆုံပြီး ကျေးရွာအတွက် ချီးမြှင့်ငွေကျပ်သိန်း ၅၀၊ ခေါက်ဆွဲခြောက်ဖာများနှင့် ငါးသေတ္တာဘူးများကို ပေးအပ်သည်။

ယင်းအပြင် တနိုင်းမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းဘင်ခရာအဖွဲ့ဖွဲ့စည်း၍ သင်တန်းဖွင့်လှစ်နေမှု၊ ကျောင်းဝင်း ၄က်ပျောပင်များ စိုက်ပျိုးထားရှိမှု၊ ကျောင်းစာသင်ဆောင်သစ် တည်ဆောက်နေမှု၊ တနိုင်းမြို့ရှိ ကင်ဆားရာရပ်ကွက် အပါအဝင် ဟူးကောင်း၊ မုန်ဒိန်၊ ဆာမ်ဆာ့၊ ဒူးကောင်း စသည့် ရပ်ကွက်များအတွင်း ဖြတ်သန်းစီးဆင်းသည့် ကိုင်တောင်ချောင်းအား ရေစီးရေလာကောင်းမွန်စေရန် ချောင်းတစ်လျှောက် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဆွတ်ငိုင်ရပ်ကွက်ရှိ နန်ဗျူလမ်းသွယ် (၁)ကို သဲကျောက်အမာခံလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်နယ်(ပြန်/ဆက်)

## လွိုင်ကော်မြို့၌ လူငယ်ထုအတွင်း မူးယစ်ဆေးဝါးနှင့် လောင်းကစားကင်းရှင်းရေးခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းကျင်းပ

လွိုင်ကော် ဩဂုတ် ၄

**မူးယစ်ဆေးဝါးနှင့် လောင်းကစားအန္တရာယ်ကို လူငယ်တိုင်း သိရှိနားလည်စေရန်နှင့် ကျန်းမာသန်စွမ်းပြီး အသိပညာပြည့်ဝသည့် နိုင်ငံ့သားကောင်းများအဖြစ် ပြုစုပျိုးထောင်နိုင်စေရန်၊ မူးယစ်ဆေးဝါးနှင့် လောင်းကစားကင်းစင်သော လူ့အသိုက်အဝန်းတည်ဆောက်နိုင်ရန် ရည်ရွယ်ချက်ဖြင့် လူငယ်ထုအတွင်း မူးယစ်ဆေးဝါးနှင့် လောင်းကစားကင်းရှင်းရေးခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းကျင်းပရာ လွိုင်ကော်မြို့ရှိ တက္ကသိုလ်ကောလိပ်များမှ ကျောင်းသား ကျောင်းသူများ တက်ရောက်ဆွေးနွေးကြသည်။**

ဩဂုတ်၁၂ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ကို ဂုဏ်ပြုသောအားဖြင့် ကယားပြည်နယ် လူငယ်ရေးရာကော်မတီကကြီးမှူး၍ အဆိုပါ စကားဝိုင်းကို ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်တက္ကသိုလ် ကိန္နရာခန်းမ၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအုံ့မော်က အမှာစကား ပြောကြားသည်။

လူငယ်စကားဝိုင်းတွင် မူးယစ်သမိုင်းနှင့် ကမ္ဘာ့အခြေအနေ၊ မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ ဒေသတွင်းနိုင်ငံများတွင် ကြုံတွေ့နေရသောအခြေအနေများ၊ မူးယစ်အန္တရာယ်ကာကွယ်မှု နည်းလမ်းများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ပိုင်းရုပ်ပိုင်းဆိုင်ရာဆိုးကျိုးများ စသည့် ခေါင်းစဉ်များကို လူငယ်ကျောင်းသား ကျောင်းသူများက ဆွေးနွေးကြပြီး မူးယစ်တပ်ဖွဲ့စုအမှတ်(၂၀)မှ ရဲမှူးနှင့် ပြည်နယ်ဥပဒေရုံးမှ ဥပဒေအရာရှိတို့က ဖြည့်စွက်ဆွေးနွေး၍ တက်ရောက်လာသူများ၏ မေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ပြည်နယ်
(ပြန်/ဆက်)



**စာပေမြင့်မှ လူမျိုးတင့်မည်**

## ကျောက်ဆည်မြို့နယ်၌ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်

**ကျောက်ဆည် ဩဂုတ် ၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် အရှေ့ငယ်တိုးကျေးရွာ ဘက်စုံသုံးခန်းမ၌ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲကို ယမန်နေ့ကကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင်နှင့် ခရိုင်အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးကျော်ဇေယျာဝင်းတို့က အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်သန်းနှင့် တာဝန်ရှိသူများက သင်တန်းသူ သင်တန်းသားများထံ သင်တန်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီး ဩဂုတ် ၃ ရက်မှ ၉ ရက်အထိ အခြေခံနည်းပညာသင်တန်းနှင့် ဩဂုတ် ၁၅ ရက်မှ ၂၁ ရက်အထိ မွမ်းမံသင်တန်းကို အခမဲ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်တင်ထွေး(ပြန်/ဆက်)**



## တွန်းဇံမြို့ ပြည်သူ့ဆေးရုံ၊ အခြေခံပညာအထက်တန်းကျောင်းနှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ ကြည့်ရှုအားပေး

**နေပြည်တော် ဩဂုတ် ၄**

တွန်းဇံမြို့နယ် ပြည်သူ့ဆေးရုံတွင် မြို့နယ်ဆရာဝန်အပါအဝင် ကျန်းမာရေးဝန်ထမ်း ၉၄ ဦးဖြင့် ယနေ့အထိ အတွင်းလူနာ ၆၀၊ ပြင်ပလူနာ ၄၄၆ ဦး၊ အသေးစားခွဲစိတ်ကုသလူနာ ၂၈ ဦး၊ အကြီးစား ခွဲစိတ်လူနာ လေးဦးနှင့် မီးဖွားလူနာ နှစ်ဦးတို့အား ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဆေးရုံအဆောက်အအုံအသစ် ဆောက်လုပ်ပြီးစီးမှု၊ ချင်းပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးအတွက် ထောက်ပံ့ပေးပို့ထားရှိသည့် ဆေးနှင့် ဆေးပစ္စည်းများ သိုလှောင်ထားရှိမှု၊ ဆိုလာတပ်ဆင်အသုံးပြု၍ ကာကွယ်ဆေးများ သိုလှောင်ထိန်းသိမ်းထားရှိမှုအခြေအနေများကို ယနေ့တွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးသည် ပြည်နယ်ဝန်ကြီးများ၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ ကြည့်ရှုစစ်ဆေး၍ ပြည်သူ့ဆေးရုံကြီးရှိ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့ပြင် တွန်းဇံမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးပြီး အခြေခံပညာအထက်တန်းကျောင်း ယာယီခန်းမတွင် လမင်းစီမံချက်ဖြင့် ဆောင်ရွက်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားကို ကျောင်းသား ကျောင်းသူများအား ပေးအပ်ကာ ဆရာ ဆရာမများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။ တွန်းဇံမြို့နယ် ဦးစီးမှူးရုံးအနေဖြင့် ရက် ၁၀၀ စီမံချက်ကာလအတွင်း မှတ်ပုံတင်ကတ်ပြား ၅၈၀ ဆောင်ရွက်ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

တွန်းဇံမြို့နယ်တွင် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်း ၆၃ ကျောင်း ဖွင့်လှစ်ထားရှိပြီး ကျောင်းအပ်နှံတက်ရောက်သူ ၄၇၃၂ ဦးရှိကာ ကျောင်းဆရာ ဆရာမ ၂၇၁ ဦးတို့က ပညာသင်ကြားပေးလျက်ရှိသည်။

ဆက်လက်၍ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးသို့ရောက်ရှိပြီး တွန်းဇံမြို့ ဌာနဆိုင်ရာရုံးများနှင့် ဒေသခံပြည်သူများသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်

**နေပြည်တော် ဩဂုတ် ၄**

ယနေ့ နံနက် ၉ နာရီ ၂၆ မိနစ် ၃၅ စက္ကန့်အချိန်တွင် တမူးမြေငလျင်စခန်းမှ တောင်ဘက် ၃၄ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မော်လိုက်မြို့၏ အနောက်မြောက်ဘက် ၁၄ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၃ ဒသမ ၇၃ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၂၃ ဒီဂရီ၊ အနက် ၅၀ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃ ဒသမ ၇ (M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိပါသည်။

**မိုး/ဇလ**

# ရော်ဘာပျိုးခင်း၏ အရေးပါမှုနှင့် ပျိုးပင်ထုတ်လုပ်နည်းအကြောင်း သိကောင်းစရာ

သန္တာဝင်း

ရော်ဘာပင်သည် မြန်မာနိုင်ငံသို့ ၁၈၇၆ ခုနှစ်တွင် တနင်္သာရီတိုင်း မြိတ်မြို့သို့ စတင်ရောက်ရှိခဲ့ပြီး ၁၉၀၅ ခုနှစ်တွင် စီးပွားဖြစ် စတင်စိုက်ပျိုးခဲ့ပါသည်။ ရော်ဘာသည် ပြည်တွင်းစက်မှုလုပ်ငန်းအတွက် သာမက ပြည်ပပို့ကုန်အဖြစ် တင်ပို့ရောင်းချနေရ၍ စီးပွားရေးအရလည်း အရေးပါသော စက်မှုကုန်ကြမ်းသီးနှံဖြစ်ပါသည်။

ရော်ဘာကို တာယာမျိုးစုံ၊ လက်အိတ်မျိုးစုံ၊ ပူဖောင်း၊ သားရေကွင်းမျိုးစုံ၊ ဖိနပ် စသည်ဖြင့် ရော်ဘာအခြေခံ ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် အဓိကအသုံးပြုကြပါသည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်း ဈေးကွက်စီးပွားရေးစနစ်အရ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်လာခဲ့ရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အထိ ရော်ဘာစိုက်ပျိုးပြီး ဧရိယာ ဧက ၁ ဒသမ ၆၄ သန်း ရှိလာပြီ ဖြစ်ပါသည်။

ထိုသို့တိုးတက်စိုက်ပျိုးလျက်ရှိရာတွင် ရော်ဘာခင်းသစ် တိုးချဲ့စိုက်ပျိုးမည့်ခြံရှင်များ၊ ရော်ဘာပင်အိုခုတ်လှဲထားသည့်နေရာတွင် ပြန်စိုက်လုပ်ငန်းဆောင်ရွက်မည့်ခြံရှင်များ နှစ်စဉ်ရှိနေကြပါသည်။ အဆိုပါ ခြံရှင်များအနေဖြင့် ယခုလိုစိုက်ပျိုးချိန်ကာလတွင် စိုက်ပျိုးမှုအောင်မြင်ပြီး အစေးထွက်ကောင်းစေရန် အခြေခံအရေးအကြီးဆုံး အဆင့်ဖြစ်သည့် အရည်အသွေးကောင်း ဖူးဆက်ရော်ဘာပျိုးပင်များကို ရွေးချယ်စိုက်ပျိုးကြရန်နှင့် ကိုယ်တိုင်ပျိုးခင်းတည်ထောင်စိုက်ပျိုးမည့် သူများအနေဖြင့်လည်း ပျိုးခင်းတည်ထောင်ခြင်း အဆင့်ဆင့်ကို သိရှိလိုက်နာဆောင်ရွက်ကြရန် အရေးကြီးပါသည်။

**"ရော်ဘာပျိုးပင်" တိုးတက်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်နေမှု**

အရည်အသွေးကောင်းမွန်သော ရော်ဘာမျိုးကောင်းမျိုးသန့် အဖူးကူးပင်များကို ပျိုးခင်းတွင် ပျိုးထောင်ပြီးမှ စိုက်ပျိုးရပါသည်။ မြန်မာနိုင်ငံ၏ ရာသီဥတုမှာ ခြောက်သွေ့ကာလများပြီး မိုးရာသီကာလမှာ တိုတောင်းသဖြင့် ရော်ဘာစိုက်ပျိုးရှင်သန်ဖြစ်ထွန်းရန်နှင့် အပင်ညီညာပြီး စံချိန်မီသန်စွမ်းသောပျိုးပင်များ စိုက်ပျိုးချိန်မီ ထုတ်လုပ်ရန် လိုအပ်ပါသည်။ စိုက်ပျိုးချိန်တွင် ရွက်ဖုံနှစ်ဖုံမှ သုံးဖုံရင့်ဖူးဆက်ပျိုးပင်ရရှိရန်အတွက် တစ်နှစ်ခန့်ကြိုတင်၍လည်းကောင်း၊ ရော်ဘာမျိုးကိုင်းပွားခင်းကို နှစ်နှစ်ခန့် ကြိုတင်၍လည်းကောင်း အဆင့်ဆင့်သော "ပျိုးခင်း" လုပ်ငန်းများကို ရာသီအလိုက် စနစ်တကျဆောင်ရွက်သွားရပါမည်။

စိုက်ပျိုးရေးဦးစီးဌာန နှစ်ရှည်သီးနှံဌာနခွဲ၊ နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံများတွင် ရော်ဘာမျိုးကိုင်းပွားခင်းများ တည်ထောင်ထားရှိပြီး ပျိုးခင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဖူးဆက်ရော်ဘာပျိုးပင်များ ထုတ်လုပ်ခြင်း၊ ရော်ဘာစိုက်ပျိုးရန် ဝယ်ယူလိုသူများထံ ဖြန့်ဖြူးရောင်းချပေးခြင်းများ နှစ်စဉ် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ကိုယ်တိုင် ပျိုးခင်းတည်ထောင် စိုက်ပျိုးလိုသူများအနေဖြင့်လည်း ပျိုးပင်များ ထုတ်လုပ်နိုင်ရန် မျိုးစေ့ဥပဒေနှင့်အညီ ရော်ဘာပျိုးခင်းမှတ်ပုံတင်ခြင်းအား စိုက်ပျိုးရေးဦးစီးဌာနတွင် ပြုလုပ်ဆောင်ရွက်ကြရန် လိုအပ်ပါသည်။ ရော်ဘာပျိုးပင်များကို နိုင်ငံပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍ နှစ်ခုစလုံးမှ တစ်ပြိုင်တည်း တိုးချဲ့ထုတ်လုပ်သွားနိုင်ရန် ဖြစ်ပါသည်။

**"ရော်ဘာပျိုးခင်း"တည်ထောင်ခြင်းအဆင့်ဆင့်**

**၁။ မြေနေရာရွေးချယ်ခြင်းနှင့် ပျိုးခင်းမြေပြုပြင်ခြင်း**

ရော်ဘာပျိုးခင်းပြုလုပ်ရာတွင် ပထမဦးစွာ မြေရွေးချယ်မှုကို အထူးဂရုစိုက်ရပါမည်။ ရေမဝပ်သောမြေ၊ အာဟာရဓာတ်ကောင်းသောမြေညီ၊ မြေပြန့်များမှာ ရော်ဘာကြီးထွားရန် သင့်တော်ပါသည်။ မြေသားဒု ၁၈ လက်မရှိ၍ သဲမဆန်လွန်း၊ မစေးလွန်းသော မြေဩဇာထက်သန်သည့် မြေ၊ စိမ့်မစွဲသောမြေ၊ ရေသွင်းရေထုတ် လွယ်ကူသောမြေ၊ နွေရာသီတွင် ရေလုံလောက်စွာရရှိသော မြေနေရာ၊ စိုက်ပျိုးမည့် စိုက်ကွက်နှင့် နီးသောနေရာ၊ ရောဂါပိုးမွှားမကူးစက်ရန် ရော်ဘာပင်အိုများနှင့် ဝေးသောနေရာ၊ လောင်းရိပ်မရှိသောနေရာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သောနေရာ ဖြစ်ရပါမည်။

ပျိုးခင်းမြေ ပြုပြင်ခြင်းနှင့် ပတ်သက်၍ မြေပေါင်ပျိုးခင်းပြုပြင်ခြင်း၊ ပလတ်စတစ်အိတ်ဖြင့်ပျိုးခင်းမြေပြုပြင်ခြင်း၊ တောရိုင်းမြေဖြစ်ပါက တောခုတ်၊ မီးရှို့၊ ကျွန်းကောက်၊ ငုတ်ထုတ်ခြင်း လုပ်ငန်းများကို ဧပြီလတွင် အပြီးဆောင်ရွက်ပေးထားရပါသည်။ ပြန်စိုက်ခြံဖြစ်ပါက ငုတ်ထုတ်၊ မြက်ရှင်းခြင်းကို ဧပြီလအပြီး ဆောင်ရွက်ရပါမည်။ ပျိုးခင်းမြေ ပြုပြင်ခြင်းလုပ်ငန်းကို မျိုးစေ့မကြွေမီ တစ်လအလိုတွင် အပြီးဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

> **အနည်းဆုံး ရွက်ဖုံ နှစ်ဖုံ၊ သုံးဖုံရင့်ပြီးသည့် ပလတ်စတစ်အိတ်ဖြင့် ပျိုးထောင်ထားသည့် မျိုးကောင်းမျိုးသန့် အဖူးကူးပျိုးပင်များဖြင့် စိုက်ပျိုးကြပါရန်နှင့် ထိုသို့စိုက်ပျိုးခြင်းဖြင့် စိုက်ခင်းများ၏ ရှင်သန်နှုန်း၊ ကြီးထွားနှုန်းနှင့် အစေးထွက်နှုန်းများ တိုးတက်ကောင်းမွန်ပြီး ရော်ဘာခြံ၏ အောင်မြင်မှုနှင့် အကျိုးအမြတ်ကို တိုက်ရိုက်အထောက်အကူပြုမည်**

**၂။ မျိုးစေ့အစို့ဖောက်ခြင်း**

ရော်ဘာမျိုးစေ့အစို့ဖောက်ရာတွင် အစို့ဖောက်တဲအကျယ်ကို မျိုးစေ့ ၁၀၀ လျှင် တစ်ပေပတ်လည်နှုန်းဖြင့် ပေါင်အကျယ် လေးပေနှင့် သဲ ၄-၆ လက်မအထူ ပေါင်အရှည်ကို လိုသလောက်ထားရန်၊ အသုံးပြုသည့်မြေမှာ မြစ်သဲကြမ်းသည် အကောင်းဆုံးဖြစ်ပြီး မရရှိနိုင်ပါက စက်ဖွဲပြာ၊ လွှစာမှုန့်ကိုလည်း အသုံးပြုနိုင်ပါသည်။

ပိုးမွှားများဖျက်ဆီးမှုကာကွယ်ရန် ပေါင်တွင် ပိုးသတ်ဆေးမှုန့် တစ်မျိုးမျိုးကို ကြိုတင်ဖြူးထားရပါမည်။ မျိုးစေ့ရွေးချယ်ရာတွင် အရည်အသွေးကောင်းပြီး ရောဂါကင်းသော မျိုးစေ့များကိုသာ ရွေးချယ်အသုံးပြုသင့်ပါသည်။ မျိုးစေ့ကိုလိပ်ကျောကုန်းပေါ်ရုံမြှုပ်၍ အပေါ်မှ သဲပါးပါးဖြူးခြင်း၊ ရေအစိုဓာတ်ချိန်ဆ၍ ရေကြာပုံးဖြင့် ဖျန်းပေးရန် လိုအပ်ပါသည်။ ၇ ရက်မှ ၂၁ ရက်အတွင်း ပေါက်သော မျိုးစေ့အညှောင့် ခရေပွင့်အရွယ်မှစ၍ ပြောင်းရွှေ့ စိုက်ပျိုးနိုင်ပါသည်။

**၃။ လက်ခံပင်ပြောင်းရွှေ့စိုက်ပျိုးခြင်း**

မြေပေါင်ပျိုးခင်း ပြုလုပ်ရန်အတွက် နှစ်ပေအကျယ်ပေါင်ပေါ်တွင် တစ်ပေအကျယ် စိုက်တန်းနှစ်တန်း၊ တစ်ပင်နှင့်တစ်ပင် ခြောက်လက်မ(သို့)ကိုးလက်မ ဖိုခနောက်ပုံစံ ဖြစ်ရပါမည်။ ပေါင်းမြက်ရှင်းခြင်း၊ အစိုဓာတ်ထိန်းခြင်းနှင့် ခြောက်သွေ့ကာလနံနက်၊ ည ရေမှန်မှန် လောင်းပေးရပါမည်။ မြေဩဇာကျွေးခြင်းအား အပင်တစ်လသားမှစ၍ အပင်တန်းနှစ်တန်းကြား အရှည်သုံးပေတွင် ပထမလ နှစ်အောင်စ နောက်ပိုင်း လေးအောင်စနှုန်း ကျွေးပေးရပါမည်။ ပင်လီ၊ ပင်ကျပ်များကို လစဉ်မှန်မှန် သုံးလအထိ ဖယ်ရှားပေးရပါမည်။

ပလတ်စတစ်ပျိုးအိတ် ပျိုးခင်းပြုလုပ်ရန်အတွက် အစို့ဖောက်မျိုးစေ့အား၊ အစို့ ဖောက်ပေါင်အတိုင်းမျိုးစေ့မြှုပ်ပေးခြင်း၊ ပျိုးပင်ရွှေ့စိုက်ခြင်း၊ တစ်ရက်ခြားစစ်ဆေးခြင်း၊ တစ်လအတွင်း သေပင်အပြီးဖာခြင်း၊ ပင်လီဖယ်ရှားခြင်း၊ အစားထိုးပြန်စိုက်ခြင်း၊ အချိန်မှန်မှန် ပေါင်းရှင်းခြင်း၊ အစိုဓာတ်ထိန်းပေးခြင်း၊ ပထမရွက်ဖုံရင့်ပြီးနောက် မြေဩဇာ (၁၅:၁၅:၆:၄) အား အပင် ၁၀၀ လျှင် ရှစ်အောင်စနှုန်း နှစ်ပတ်ခြားတစ်ကြိမ် အရွက်များကို အားဆေးအဖြစ်ဖျန်းပေးရပါမည်။ အပင် ၁၀၀ အတွက် ရေတစ်ဂါလန်တွင် ယူရီးယား ၀ ဒသမ ၅ အောင်စနှုန်းဖြင့် ဖျန်းပေးရပါမည်။ မြေဩဇာကို အဖူးမကူးမီ တစ်လခန့်အလိုတွင် မကျွေးသင့်ပါ။

**၄။ မျိုးကိုင်းပွားခင်းတည်ထောင်ခြင်းနှင့် ထိန်းသိမ်းပြုစုခြင်း**

မျိုးသန့်မျိုးမှစံချိန်မီမျိုးကိုင်းနှင့် အဖူးများရရှိနိုင်ရန်အတွက် မျိုးအလိုက် မျိုးသန့်ကိုင်းပွားခင်းကို တည်ထောင်ရပါသည်။ မြေပြုပြင်ပြီးနောက် ပင်ကြားတန်းကြား (၆ ပေ x ၃ ပေ)၊ (၄ ပေ x ၄ ပေ) စိုက်သင့်ပြီး စိုက်ပျိုးရာတွင် မျိုးမရောစေရန်၊ ထိန်းသိမ်းပြုစုလွယ်ကူစေရန်နှင့် မျိုးကိုင်းရရှိမှု ခန့်မှန်းတွက်ချက်မှုလွယ်ကူရန် မျိုးအလိုက် အကွက်များခွဲပြီး အကွက်တစ်ခုနှင့် တစ်ခုကြားတွင် ၈ ပေ အကျယ် ထားသင့်သည်။ စိုက်ပျိုးထားသည့် ပျိုးပင်အမျိုးအစားအပေါ်မူတည်၍ ထိန်းသိမ်းပြုစုခြင်းလုပ်ငန်းများကို ဆောင်ရွက်ရပါသည်။

**၅။ အဖူးကူးခြင်းနှင့် အဖူးကူး အောင် မအောင် စစ်ဆေးခြင်း**

ကျန်းမာသန်စွမ်းသော လက်ခံပျိုးပင်များ အသက် ၆ လမှ ၁၂ လအတွင်း ရောက်ရှိလာသောအခါ မျိုးသန့်မျိုးကိုင်းပွားခင်းမှ မျိုးကိုင်းများဖြတ်၍ အဖူးများကိုရယူပြီး အဖူးကူးခြင်း ပြုလုပ်ရပါသည်။ အဖူးကူးအောင်မြင်မှုသည် ပျိုးပင်အရည်အသွေးအပေါ် များစွာသက်ရောက်မှု ရှိပါသည်။ အဖူးနုကူးခြင်း၊ အဖူးစိမ်းကူးခြင်း၊ အဖူးညိုကူးခြင်းတို့ဖြင့် အဖူးကူးနိုင်ပါသည်။ အဖူးကူးပြီး သုံးပတ်အကြာတွင် မြှုပ်သွင်းထားသောအဖူးသည် စိမ်းနေပါက အဖူးကူးမှု အောင်မြင်ပါသည်။

ပို၍သေချာရန်အတွက် တစ်ပတ်ခန့်အကြာတွင် ထပ်မံစစ်ဆေးရသည်။ အဖူးစိမ်းနေသေးပါကယင်းအဖူးကူးပင် သေချာပေါက်အောင်မြင်ပြီးဖြစ်သည်။ အောင်မြင်သော အဖူးကူးပင်အား မကြာခင်ပြောင်းရွှေ့စိုက်မည်ဆိုပါက မျိုးသန့်အဖူးမနာစေရန် ပလတ်စတစ်တိပ်ကြိုးကို မဖြည်သေးဘဲ စိုက်ခါနီးမှ ဖြည်နိုင်သည်။ ပျိုးခင်းတစ်လထက် ပိုထားပါက ပလတ်စတစ်ကြိုး ဖြည်လိုက်ရပါမည်။

**၆။ ပလတ်စတစ်အိတ်သို့ ပြောင်းရွှေ့စိုက်ပျိုးခြင်း**

ပလတ်စတစ်အိတ်တွင် အစို့ဖောက်အစေ့များအား စိုက်ပျိုးထားသည့် အဖူးကူးအောင်မြင်သည့် လက်ခံပင်အား အဖူးကူးနေရာ အထက်နားတွင်ဖြတ်၍ ပလတ်စတစ် အိတ်တွင်အဖူးကူးပင်များအား ဆက်လက် ထိန်းသိမ်းပြုစု မွေးမြူရမည်။ မြေပေါင်ပျိုးခင်းမှ အဖူးကူးအောင်ပင်များကို နုတ်ကာ မြေလုံးမပါသော အဖူးကူးပျိုးငုတ်ပင်အနေဖြင့် ပလတ်စတစ်ပျိုးအိတ်များတွင် ပြောင်းရွှေ့စိုက်ပျိုးရမည်။

အဖူးကူးအောင်မြင်သော အပင်များအား မြေပေါင်များမှ နုတ်ယူရန်အတွက် ပျိုးပေါင်အပင်တန်း၏တစ်ဖက်တွင် မြေကြီးကိုတူးပြီးနောက် အပင်ကို အဖူးမနာစေရန် ကိုင်တွယ်ကာ ဆွဲနုတ်ယူရသည်။ နုတ်ယူပြီးသော အဖူးကူးအောင်ပင်များကို အဖူး၏အထက်နားမှ အဖူး အခြားတစ်ဖက်သို့ စောင်း၍ဖြတ်ရသည်။ ရေသောက်မြစ်နှင့်ဘေးမြစ်များပါ ဖြတ်ရမည်။ အဖူးကူးပျိုးငုတ်ပင်၏ လက်ခံပင်အပိုင်းနှင့် အမြစ်များဖြတ်ရန် ပျမ်းမျှအရှည်မြေပြင်မှ ခြောက်လက်မမှ ကိုးလက်မထား၍ ဖြတ်ရမည်။

အဖူးကူးအောင်ပင်ကို ပျိုးအိတ်၌စိုက်ပျိုးရာတွင် ပျိုးအိတ်မြေကြီး အလယ်ဗဟိုတွင် စိုက်ပျိုးမည့် အမြစ်အရှည်၏ အနက်အထိ တုတ်ချောင်းငယ်ဖြင့် အပင်ဘေးမှာထိုးကာ အပင်ဘက်သို့ ၃-၄ နေရာခန့်ဆွဲကျပ်ရသည်။ လိုအပ်သောမြေများ ထပ်ဖြည့်ပြီး ဘေးမြစ်များ မနာစေရန်နှင့် အမြစ်ဝန်းကျင်လေဟာခြင်းမရှိရန် ဂရုပြုစိုက်ပျိုးပေးရမည်။

**၇။ အဖူးကူးပျိုးပင်များထိန်းသိမ်းပြုစုခြင်း**

မိုးရာသီကုန်ဆုံးပြီးနောက် ပျိုးပင်များကို နေ့စဉ်နံနက်ပိုင်းနှင့် ညနေပိုင်းများတွင် ရေမှန်မှန်လုံလောက်စွာ လောင်းပေးခြင်း၊ ပျိုးအိတ်မြှုပ်ထားသောမြောင်းများကိုပါ ရေသွင်းပေးခြင်းများ ပြုလုပ်ရပါသည်။ လေးလမှ ခြောက်လ ခန့်အကြာတွင် အဖူးကူးပျိုးပင်များ အနည်းဆုံးရွက်ဖုံ နှစ်ဖုံ၊ သုံးဖုံရင့်ပြီး အသင့်စိုက်ပျိုးနိုင်သည့် အနေအထားသို့ ရောက်ရှိမည်ဖြစ်ပါသည်။

**၈။ စိုက်ခင်းသို့ပြောင်းရွှေ့စိုက်ပျိုးရန် ပျိုးပင်များပြင်ဆင်ခြင်း**

အဖူးကူးအောင်မြင်သော ပျိုးပင်များကို ပြောင်းရွှေ့မစိုက်မီ နှစ်ပတ်မှ သုံးပတ်ခန့်တွင် အရိပ်စင်အား လုံးဝဖယ်ရှားပစ်ရမည်။ စိုက်ခင်းသို့ ပြောင်းရွှေ့စိုက်ပျိုးရန် အသင့်တော်ဆုံးပျိုးပင်အရွယ်မှာ အနည်းဆုံးအရွက်ဖုံ နှစ်ဖုံမှ သုံးဖုံရှိပြီးသော ပျိုးပင်ဖြစ်ပါသည်။ ပြောင်းရွှေ့စိုက်သည့်အခါ အပင်ထိပ်ဆုံးရှိ ရွက်ဖုံမှာ လုံးဝရင့်ပြီးအဆင့်ဖြစ်နေရမည်။ ထိပ်ဆုံးရွက်ဖုံ မရင့်သေးသောပျိုးပင်များကို ပျိုးခင်းတွင် ရက်အနည်းငယ်ဆက်လက်ထားရှိပြီး ရွက်ဖုံရင့်လာသည့်အချိန်ရောက်မှ ပြောင်းရွှေ့စိုက်ရမည်။

ပျိုးပင်များကို အရွယ်အစားညီညာသည့်အပင်များအလိုက် ခွဲခြားကာ စိုက်ပျိုးရမည်။ မျိုးအလိုက်လည်း မှားယွင်းခြင်းမရှိအောင် ဂရုစိုက်ကိုင်တွယ်ပြီး သယ်ယူပို့ဆောင်သည့်အခါတွင် အပင်များမနာစေရန်နှင့် ပျိုးအိတ်မြေလုံးမပျက်စေရန် ညင်သာစွာ ကိုင်တွယ်ရပါမည်။

နိဂုံးချုပ်အားဖြင့် ရော်ဘာပျိုးပင်ထုတ်လုပ်ရာတွင် မျိုးစေ့စုဆောင်း၍ မျိုးစေ့အစို့ဖောက်ခြင်း၊ လက်ခံပင် ပြောင်းရွှေ့စိုက်ပျိုးခြင်း၊ မျိုးကိုင်းများဖြတ်၍ အဖူးကူးခြင်း၊ အဖူးကူး အောင်ပင်နှင့်ပျိုးပင်များ ပြုစုစောင့်ရှောက်ခြင်း၊ စိုက်ခင်းသို့ ပြောင်းရွှေ့စိုက်ပျိုးသည်အထိ အဆင့်ဆင့်ဂရုစိုက်ဆောင်ရွက်ရန် လိုအပ်ပါသည်။

အနည်းဆုံး ရွက်ဖုံ နှစ်ဖုံသုံးဖုံရင့်ပြီးသည့်ပလတ်စတစ်အိတ်ဖြင့် ပျိုးထောင်ထားသည့် မျိုးကောင်းမျိုးသန့် အဖူးကူးပျိုးပင်များဖြင့် စိုက်ပျိုးကြပါရန်နှင့် ထိုသို့စိုက်ပျိုးခြင်းဖြင့် စိုက်ခင်းများ၏ ရှင်သန်နှုန်း၊ ကြီးထွားနှုန်းနှင့် အစေးထွက်နှုန်းများ တိုးတက်ကောင်းမွန်ပြီး ရော်ဘာခြံ၏ အောင်မြင်မှုနှင့် အကျိုးအမြတ်ကို တိုက်ရိုက်အထောက်အကူပြုမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား နှစ်ဦး မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်



**နေပြည်တော် ဩဂုတ် ၄**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ် နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် အင်ဒိုနီးရှားနိုင်ငံသား တစ်ဦးနှင့် ဘယ်လာရုစ်နိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား နှစ်ဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေး တံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေး အတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ရာသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံရုံးမှ Consular Mr. Sandra Burnama နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံသံရုံးမှ Consular Mrs. Koranum Sukome Itilorn နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဩဂုတ် ၄ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၄၀ ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၈၁၄ ဦးအား ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန်ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၉၂၆ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၁၃ ဦးရှိသည့်အတွက် ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၂၁၃ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများအား ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

***

✪ *ကျော်ဖုံးမှ*

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့နယ်အတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းများသည် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်နေကြောင်း သတင်းအရ လိုအပ်သည့် ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ယနေ့မွန်းလွဲ ၂ နာရီခွဲခန့်တွင် နမ့်စန်မြို့နယ် နားရိုင်းရွာသစ်ကျေးရွာ၏ တောင်ဘက် မီတာ ၂၅၀ ခန့်အကွာရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် အလျား ပေ (၈၀ x ၆၀) (အုတ်ကာ၊ သွပ်မိုး) အဆောက်အအုံတစ်လုံးအတွင်းမှ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်နေသည့် တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား အမျိုးသား ၃၆ ဦးနှင့် အမျိုးသမီး နှစ်ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး လေးဦး စုစုပေါင်း အမျိုးသား ၄၃ ဦးနှင့် အမျိုးသမီး ခြောက်ဦးတို့အား P-365 အမျိုးအစား ပစ္စတို တစ်လက်၊ ကျည်အိမ် နှစ်ခု၊ ၉ မမ ကျည် ငါးတောင့်၊ UZI အမျိုးအစား ပစ္စတို တစ်လက်၊ ကျည်အိမ် တစ်ခု၊ ပွိုင့် ၃၈ ကျည် ကိုးတောင့်၊ AK-47 မောင်းပြန်ရိုင်ဖယ် နှစ်လက်၊ ကျည်အိမ် နှစ်ခု၊ ၇ ဒသမ ၆၂ မမ ကျည်အတောင့် ၅၀၊ လုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် ဖုန်းမျိုးစုံ ၆၇ လုံး၊ All in One ကွန်ပျူတာ လေးလုံး၊ CPU တစ်လုံး၊ Star Link ခြောက်စုံတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း နှင့် စစ်ဆေးမှုပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကာ သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပြီး နောက်ကွယ်မှ ပါဝင်ပတ်သက်နေသူများ ကိုလည်း စုံစမ်းဖော်ထုတ်ကာ အရေးယူဆောင်ရွက်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေး အတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် နားရိုင်းရွာသစ်ကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသူများအား လက်နက်၊ ခဲယမ်းများ၊ လူနေအဆောက်အအုံများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ








ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် နားရိုင်းရွာသစ်ကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံနှင့် လုပ်ငန်းသုံးဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။



အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် နေရာ၌ ဖမ်းဆီးရမိသည့် လက်နက်/ခဲယမ်းများကို တွေ့ရစဉ်။

***



## ပဲခူးမြို့၌ အခြေခံစားသောက်ကုန်များ ဈေးနှုန်းသက်သာစွာ ရောင်းချပေး

**ပဲခူး ဩဂုတ် ၄**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရေးအတွက် အသား၊ ငါး၊ ဆန်၊ စားသုံးဆီ၊ ကြက်ဥနှင့် ဟင်းသီးဟင်းရွက်များကို ပဲခူးတက္ကသိုလ် ဝန်ထမ်းအိမ်ရာ ရှေ့နှင့် သူနာပြုသင်တန်းကျောင်းတို့တွင် အပတ်စဉ် အင်္ဂါနေ့တိုင်း၊ ရှင်စောပုဝန်ထမ်းအိမ်ရာနှင့် ဘုရင့်နောင် ဝန်ထမ်းအိမ်ရာတို့တွင် အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း၊ ဥဿာတန်ဖိုးနည်းအိမ်ရာတွင် အပတ်စဉ် သောကြာနေ့တိုင်း ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

**သက်ဖြိုးကြိုင်(ပြန်/ဆက်)**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

## ကျောင်းပြင်ပမူလတန်းပညာရေး -NFPE နှင့် ကျောင်းပြင်ပအလယ်တန်းပညာရေး- NFME အတန်းနေရာချထားစစ်ဆေးမှု (Placement Test) အစီအစဉ်

၁။ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပြင်ပသို့ ရောက်ရှိနေသည့် သက်လွန်ကျောင်းပြင်ပရောက် ကျောင်းသား ကျောင်းသူများကို ကျောင်းပြင်ပမူလတန်းပညာရေး– NFPE တွင် အသက် ၁၀ နှစ်မှ ၁၆ နှစ်အတွင်းရှိသူများအားလည်းကောင်း၊ ကျောင်းပြင်ပ အလယ်တန်းပညာရေး– NFME တွင် အသက် ၁၃ နှစ်မှ အသက် ၂၁ နှစ်အတွင်းရှိသူများအားလည်းကောင်း အတန်းနေရာချထားစစ်ဆေးမှု (Placement Test) အား အထူးအစီအစဉ်တစ်ရပ်အနေဖြင့် သတ်မှတ်၍ မူဝါဒများနှင့်အညီ စိစစ်လက်ခံသင်ကြားပေးသွားမည် ဖြစ်ပါသည်။

၂။ အတန်းနေရာချထားစစ်ဆေးမှု (Placement Test) ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများသည် ကျောင်းပြင်ပမူလတန်းပညာရေး–NFPE တွင်ဖြစ်စေ ကျောင်းပြင်ပအလယ်တန်းပညာရေး –NFME တွင်ဖြစ်စေ ဖြေဆိုရန်အတွက် ပညာရေးဆိုင်ရာ ထောက်ခံချက်များ သို့မဟုတ် အရေးပေါ်အခြေအနေ ကြေညာထားသည့်မြို့နယ်များမှ အမှန်တကယ် ပြောင်းရွှေ့နေထိုင်သူဖြစ်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း၊ အသက်ထောက်ခံချက်နှင့်အတူ မြို့နယ်ပညာရေးမှူးရုံးများတွင် လျှောက်ထားစာရင်းပေးသွင်းရမည် ဖြစ်ပါသည်။

၃။ သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးများက သတ်မှတ်ပေးသော နေရာများတွင် အတန်းနေရာချထားစစ်ဆေးမှု (Placement Test) ကို ၉–၈–၂၀၂၆ ရက်နေ့ (တနင်္ဂနွေနေ့)၌ ဖြေဆိုကြရပါမည်။ (အသေးစိတ်အချက်အလက်များကို သက်ဆိုင်ရာ မြို့နယ်နှင့် ခရိုင်ပညာရေးမှူးရုံးများတွင် မေးမြန်းစုံစမ်းနိုင်ပါသည်။)

**ပညာရေးဝန်ကြီးဌာန**

## (၄-၈-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၈ ~ ၃၆၆၉ | ၅၅၅.၃ ~ ၅၅၈.၇ | ၁၂၄.၉ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၅,၇၈၉,၈၂၈.၅၆ | ၁,၃၆၅,၆၇၈.၂၉ | ၇၉,၂၆၅,၁၉၃.၀၅ | - |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ ဓာတ်မြေဩဇာ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ တိရစ္ဆာန်အစာ၊ ထုပ်ပိုးမှုပစ္စည်း၊ အီလက်ထရောနစ်ပစ္စည်း၊ စားသုံးကုန်စည်၊ စက္ကူတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ အမေရိကန်ဒေါ်လာ ၃,၀၀၈.၀၀ အား CMP ကဏ္ဍသို့လည်းကောင်း၊ အမေရိကန်ဒေါ်လာ ၅.၀၀ သန်းအား LNG ကဏ္ဍသို့လည်းကောင်း ရောင်းချပေးခဲ့ပါသည်။

## အာမခံအလုပ်သမား၏ အမြဲတမ်းမသန်စွမ်းမှုဆိုင်ရာ ငွေကြေးခံစားခွင့်ထုတ်ပေး

**တောင်ကြီး ဩဂုတ် ၄**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့မှ ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော ရောဝတီတောင်သူလယ်သမားများဘဏ်မှ အာမခံအလုပ်သမား ဦးကျော်စွာသက်၏ အမြဲတမ်းမသန်စွမ်းမှုနှင့်ဆိုင်သည့် ငွေကြေးအကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးခြင်းကို ယနေ့နံနက်က ရှမ်းပြည်နယ် လူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် လူမှုဖူလုံရေးအဖွဲ့၊ ရှမ်းပြည်နယ် ဒုတိယပြည်နယ်တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေအကြောင်း အသိပညာပေးဟောပြောခဲ့ပြီး အမြဲတမ်းမသန်စွမ်းမှုဆိုင်သည့် ငွေကြေးအကျိုးခံစားခွင့် ငွေကျပ် ၄၄၁၀၀၀၀ အား ဒုတိယပြည်နယ်တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူးက အာမခံအလုပ်သမား ဦးကျော်စွာသက်ထံသို့ တာဝန်ရှိသူများရှေ့မှောက်တွင် ခွင့်ပြုထုတ်ပေးသည်။ အဆိုပါအခမ်းအနားသို့ တာဝန်ရှိသူများ၊ အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) နှင့် အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များ တက်ရောက်ကြသည်။ **သတင်းစဉ်**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၄**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“အကြမ်းဖက် PDF တွေရဲ့ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုတွေကြောင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝများစွာ ထိခိုက်ဆုံးရှုံးနေရ”** ခေါင်းစဉ်ဖြင့် ဩဂုတ် ၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဩဂုတ် ၁၂ ရက် မွန်းလွဲ ၁ နာရီတွင် **“တော်လှန်ရေး လုပ်ရင်းနဲ့ ဓားပြဖြစ်လာကြသော စကားဝါမြေမှအညာ PDF များ”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေး တင်ဆက်မည်ဖြစ်သည်။ အထက်ပါအစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉–၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



## ရွှေကျင်မြို့နယ်၌ ကျေးရွာမြေငှားဂရန်များ ပေးအပ်

**ရွှေကျင် ဩဂုတ် ၄**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်၌ ကျေးရွာမြေငှားဂရန် ပေးအပ်ပွဲကို ယနေ့နံနက် ၁၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးဇော်သန်းက အမှာစကားပြောကြားပြီး အနောက်ကျေးရွာအုပ်စု အနောက်ဘက်ကျေးရွာရှိ အိမ်ခြေ/အိမ်ထောင်စု ၄၀ နှင့် ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းအတွက် ကျေးရွာမြေငှားဂရန်များကို သက်ဆိုင်ရာ အိမ်ထောင်စုများထံ တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

မြန်မာ့အလင်း အယ်ဒီတာ့ထံပေးစာ

## ၁.၇.၂၀၂၆ မြန်မာ့အလင်း အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ ရေးသားပေးပို့လာသည့် “ပိန်းဇလုပ်မြို့အဝင် မင်းလမ်းပျက်စီးနေမှု ပြုပြင်ပေးစေလို” ဖော်ပြချက်အား ရှင်းလင်းဖြေကြားခြင်း

ညောင်လေးပင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ညောင်လေးပင်မြို့ပေါ် (၅) ရပ်ကွက်၊ ပွဲနံတန်ဆာမြို့၊ မဒေါက်မြို့နှင့် ပိန်းဇလုပ်မြို့များရှိ လမ်းများအား ရပ်ကွက်များအလိုက် ကွန်ကရစ်လမ်း၊ ကတ္တရာလမ်း၊ ကျောက်ချောလမ်း၊ ဂဝံလမ်း၊ Box Culvert၊ အုတ်ရေမြောင်းများ စသည့်လုပ်ငန်းများအား နှစ်အလိုက်ရရှိသည့် ရန်ပုံငွေပေါ်မူတည်၍ ဘတ်ဂျက်ရေးဆွဲဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ပိန်းဇလုပ်မြို့အဝင်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ပေ ၁၇၈၀ ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ပိန်းဇလုပ်မြို့အဝင်လမ်းမှာ စုစုပေါင်းလမ်းအရှည် ၂၆၉၂ ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ရန်ပုံငွေရရှိမှုအပေါ် ခွဲဝေလျာထား ဆောင်ရွက်ရပါသဖြင့် ဘဏ္ဍာရေးနှစ်တစ်နှစ်အတွင်း ၎င်းလမ်းအရှည်အား ပြီးစီးအောင်ဆောင်ရွက်ပေးနိုင်ခြင်းမရှိဘဲ ရန်ပုံငွေအား နှစ်အလိုက် အပိုင်းခွဲခြား ဆောင်ရွက်ပေးရခြင်းဖြစ်ပါကြောင်း၊ ပိန်းဇလုပ်မြို့ အဝင်လမ်းတွင် ကတ္တရာထပ်ပိုးလွှာခင်းရန် ကျန်ရှိသည့် ၉၁၂ ပေကို ၂၀၂၇–၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် လျာထားရေးဆွဲ ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ ညောင်လေးပင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် နှစ်အလိုက် ရန်ပုံငွေရရှိမှုပေါ်မူတည်၍ အဖွဲ့ပိုင်လမ်းများကို အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း လုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်းကိုလည်း သက်ဆိုင်ရာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် အသိပေးဆောင်ရွက်ပြီးဖြစ်ပါကြောင်း ရှင်းလင်းဖော်ပြအပ်ပါသည်။ **ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့**



၂၀၂၇–၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာထပ်ပိုးလွှာခင်းခြင်း ဆောင်ရွက်မည့် ပိန်းဇလုပ်မြို့အဝင်လမ်း ၉၁၂ ပေ၏ မှတ်တမ်းဓာတ်ပုံ။



၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သော ပိန်းဇလုပ်မြို့အဝင်လမ်း ပေ ၁၇၈၀ ကို ကတ္တရာထပ်ပိုးလွှာခင်းခြင်း ဆောင်ရွက်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။

### အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ ပေးစာများ ပေးပို့လိုပါလျှင်

အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ ပေးစာများပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်တို့ကို ထည့်သွင်းရေးသား၍ အယ်ဒီတာ့ထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ် (၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့နှင့် အီးမေးလ်လိပ်စာ– mmalin.npt@gmail.com သို့ အယ်ဒီတာ့ထံပေးစာကဏ္ဍဟု ခေါင်းစဉ်တပ်၍ လိပ်မူပေးပို့နိုင်ပါသည်။

● *ကျောဖုံးမှ*

ထိုသို့ မြန်မာအမျိုးသား လက်ရွေးစင်အသင်းနှင့် လာအို အမျိုးသားလက်ရွေးစင်အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ အားကစားနှင့်ကာယပညာ ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အာရှဘောလုံးအဖွဲ့ချုပ် အကြီးတန်းဒုတိယဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဘောလုံးပရိသတ်များက ကြည့်ရှုအားပေးကြသည်။ **(အပေါ်ယာပုံ)**



ပွဲအပြီးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မြန်မာအမျိုးသား လက်ရွေးစင်အသင်း၏ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများကိုနှုတ်ဆက်ပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

မြန်မာအမျိုးသားလက်ရွေးစင်အသင်းသည် ASEAN Championship Hyundai Cup 2026 ပြိုင်ပွဲ အုပ်စု(B)တွင် မလေးရှားအမျိုးသား လက်ရွေးစင်အသင်း၊ ဖိလစ်ပိုင် အမျိုးသား လက်ရွေးစင်အသင်း၊ လာအို အမျိုးသားလက်ရွေးစင်အသင်းနှင့် ထိုင်းအမျိုးသားလက်ရွေးစင်အသင်းတို့ဖြင့် ကျရောက်ကာ သုံးပွဲကစား ရမှတ်(၆)မှတ်ရရှိထားပြီး ဩဂုတ် ၈ ရက်တွင် ထိုင်းအမျိုးသား လက်ရွေးစင်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

**ဖွဲ့ထက်ကို**
**(ပြန်/ဆက်)**

■ *ကျောဖုံးမှ*

အသင်းကို ကိုးဂိုး – တစ်ဂိုးဖြင့်လည်းကောင်း၊ ပညာရေးဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို ၁၁ ဂိုး–ဂိုးမရှိဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဩဂုတ် ၅ ရက်တွင် ဖူဆယ်ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးအသင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ အလုပ်သမားဝန်ကြီးဌာနအသင်းနှင့် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်း၊ ကျန်းမာရေးဝန်ကြီးဌာနအသင်းနှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်း၊ အားကစားရေးရာဝန်ကြီးဌာနအသင်းနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအသင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး အားကစားဝါသနာရှင်များ မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**




▲ *ကျောဖုံးမှ*

မြန်မာအမျိုးသမီးလိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၈) ဒုတိယနေ့ပွဲစဉ်အဖြစ် ရှောဝတီအသင်းနှင့် ရန်ကုန်စီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရှောဝတီအသင်းအတွက် ပွဲချိန် ၂၃ မိနစ်တွင်မေထက်လူက ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ၆၂ မိနစ်တွင် ရီတူ ပွန်နာ ချက်ကမာနှင့် ၇၉ မိနစ်တွင် စန်းသော်သော်တို့က အနိုင်ဂိုးများ ထပ်မံသွင်းယူပေးခဲ့သည်။

ရန်ကုန်စီးတီးအသင်းသည် ပွဲစဉ် (၇)တွင် ISPE အသင်းကို ရှစ်ဂိုး–ဂိုးမရှိဖြင့် ဂိုးပြတ်ရှုံးနိမ့်ထားပြီး ယနေ့ပွဲစဉ်တွင် ရှောဝတီအသင်းကို ချေပဂိုးများရရှိရန် ကြိုးစားယှဉ်ပြိုင်ကစားခဲ့သော်လည်း ရှုံးပွဲနှင့်သာ ထပ်မံကြုံတွေ့ခဲ့ရသဖြင့် ရမှတ်မရရှိသေးဘဲ အမှတ်ပေးဇယား အောက်ဆုံးနေရာမှာ ရပ်တည်နေသည်။

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံ ရှောဝတီအသင်းသည် ဂျပန်အမျိုးသမီးနည်းပြ ကူမိကို တာရိုရိုကို ခေါ်ယူထားပြီး လက်ရှိအမှတ်ပေးဇယား အဆင့်(၁)နေရာမှ ISPE အသင်းနှင့် အမှတ်ကွာဟမှုမရှိစေရန်အတွက် နိုင်ပွဲများကို ဆက်လက်ရယူလျက်ရှိသည်။

ပွဲစဉ်(၈) နောက်ဆုံးပွဲစဉ်များအဖြစ် ဩဂုတ် ၅ ရက်တွင် YUSC ကွင်း၌ မြဝတီအသင်းနှင့် ISPE အသင်း၊ ပဒုမ္မာကွင်း၌ ရတနာပုံအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**နေမျိုး**
**ဓာတ်ပုံ–MWL**

❖ *ကျောဖုံးမှ*

၉၂ မှတ်ဖြင့်လည်းကောင်း၊ အုပ်စု(ဂ)မှ မွန်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို ၆၁ မှတ်ဖြင့်လည်းကောင်း၊ အုပ်စု(ဃ)မှ ရန်ကုန်တိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို ၇၁ မှတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သည်။

အမျိုးသားပွဲစဉ်တွင် အုပ်စု(က)မှ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ၅၀ မှတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက ရှောဝတီတိုင်းဒေသကြီးအသင်းကို ၆၁ မှတ်ဖြင့်လည်းကောင်း၊ အုပ်စု(ခ)မှ မကွေးတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို ၆၉ မှတ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို ၃၈ မှတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သည်။

**နေမျိုး၊ ဓာတ်ပုံ–ကိုမင်း**

## အလုပ်ခွင်(ပြင်ပ)ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်ထုတ်ပေး

**ရန်ကုန် ဩဂုတ် ၄**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော ရွှေသံလွင်စက်မှုဇုန်ရှိ Asia General Transformer Co.,Ltd.မှ အာမခံအလုပ်သမား ဦးဝိုင်းချစ်မောင်၏ လုပ်ငန်းခွင်(ပြင်ပ)ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ပေးအပ်ခြင်းကို ဩဂုတ် ၃ ရက်က ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး၌ကျင်းပရာ တိုင်းဒေသကြီး တာဝန်ခံအရာရှိက လုပ်ငန်းခွင်(ပြင်ပ) ထိခိုက်သေဆုံးခြင်း ကျန်ရစ်သူအကျိုးခံစားခွင့် ခွင့်ပြုငွေကျပ် ၈၅၅၀၀၀၀ ကို ကျန်ရစ်သူ မိခင် ဒေါ်ပပဝင်းထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**နေမျိုးထွန်း(ပြန်/ဆက်)**





မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်သော ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှစ်ခု ဆောင်ရွက်ပြီးစီးမှုကို ဩဂုတ် ၄ ရက်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှဝင်းဦး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်မြင့်ဦးနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးကြစဉ်။ ဘာမီသာ(ပခုက္ကူ)

✻ *ကျောဖုံးမှ*

၎င်းသည် ပြိုင်ပွဲ တစ်လျှောက် ၃၂ ဦးအဆင့်တွင် တရုတ်တင်းနစ်မယ် ကျင်ဝမ်ကျန်း၊ ၁၆ ဦးအဆင့်တွင် လက်ရှိ ချန်ပီယံ လေလာဖာနန်ဒက်စ်၊ ကွာတားဖိုင်နယ်တွင် ကမ္ဘာ့အဆင့် (၉) ရှိ စဗစ်တိုလီနာ၊ ဆီမီးဖိုင်နယ်တွင် ကမ္ဘာ့အဆင့် (၁၃) ရှိ နာအိုမီအိုဆာကာတို့ကို အဆင့်ဆင့်ကျော်ဖြတ်ကာ နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းလာခဲ့သည်။

ဗိုလ်လုပွဲတွင်လည်း ကမ္ဘာ့အဆင့် (၃) ရှိ အမေရိကန်တင်းနစ်မယ် ပဲဂူလာကို အနိုင်ယူကျော်ဖြတ်ပြီး မူဘာဒါလာဒီစီအိုးပင်းဖလားကို ထိုက်ထိုက်တန်တန် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ **အောင်ဇော်**



စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် ဟုမ္မလင်းခရိုင်မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့နှင့် အဖွဲ့ဝင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၏ ကြီးကြပ်မှုဖြင့် ဩဂုတ် ၃ ရက်က ဟုမ္မလင်းမြို့ ဟုမ္မလင်းရပ်ကွက်၌ စားအုန်းဆီများ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးစဉ်။ မြို့နယ် (ပြန်/ဆက်)

## ငါးမွေးမြူရေးကန်များရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံ အနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန်သတိပေးနှိုးဆော်အပ်ပါသည် –

- ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များ ခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
- အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့် ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- လိုအပ်ပါက ငါးများ ရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- သိုလှောင်ထားသော ငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများ လွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေ ပါရန်၊
- ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့် နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ် မိုးလေဝသ သတိပေးချက်များနှင့် ပတ်သက်သည့် သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင် ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ် ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

**ငါးလုပ်ငန်းဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ၂၀၂၆ ခုနှစ် ဇူလိုင်လအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ

**နေပြည်တော်  ဩဂုတ် ၄**

ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှအက်စစ်ဖြစ်ထွန်းမှုစောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia–EANET)အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများ၏ ရွာသွန်းသော မိုးရေများကို စုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများကို သိရှိရန် မိုးရေ၏ pH တန်ဖိုးများတိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ပုံ(၁)

**ပုံ(၁)၊ မိုးရေနမူနာတိုင်းတာသည့်စခန်းများပြပုံ**




၂၀၂၆ ခုနှစ် ဇူလိုင်လအတွင်း စခန်း ၃၄ စခန်းတို့မှ မိုးရေနမူနာများ စုဆောင်းရယူနိုင်ခဲ့ပါသည်။ မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၃၄ စခန်းတို့မှ ရွာသွန်းခဲ့သော မိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး 6.5 – 8.5 အတွင်းတွင် ရှိကြောင်း တိုင်းတာရရှိခဲ့ပါသည်။ (ပုံ–၂)

မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၆ ခုနှစ် ဇူလိုင်လအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၃၄ စခန်းတို့၌ ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ် ဖြစ်ထွန်းမှုအခြေအနေ မရှိပါကြောင်း တွေ့ရှိရပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

**ပုံ (၂)၊ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးများပြပုံ**




**၂၀၂၆ ခုနှစ်၊ ဇူလိုင်လအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ**

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | မန္တလေး (ချမ်းအေးသာစံ) | ၇.၂ |
| ၂ | မန္တလေး (ချမ်းမြသာစည်) | ၆.၉ |
| ၃ | ခန္တီး | ၇.၀ |
| ၄ | လားရှိုး | ၇.၁ |
| ၅ | တောင်ကြီး | ၆.၆ |
| ၆ | မိုင်းဆတ် | ၆.၅ |
| ၇ | ကျိုင်းတုံ | ၆.၉ |
| ၈ | စစ်ကိုင်း | ၆.၅ |
| ၉ | ဟုမ္မလင်း | ၆.၆ |
| ၁၀ | ဟားခါး | ၆.၇ |
| ၁၁ | ညောင်ဦး | ၆.၆ |
| ၁၂ | မုံရွာ | ၆.၇ |
| ၁၃ | ပျဉ်းမနား | ၆.၉ |
| ၁၄ | ပြင်ဦးလွင် | ၆.၈ |
| ၁၅ | ကလေးဝ | ၇.၂ |
| ၁၆ | ရန်ကုန်(ကမ္ဘာအေး) | ၆.၉ |
| ၁၇ | မှော်ဘီ | ၆.၈ |
| ၁၈ | မကွေး | ၇.၁ |
| ၁၉ | အောင်လံ | ၆.၇ |
| ၂၀ | လွိုင်ကော် | ၆.၇ |
| ၂၁ | စစ်တွေ | ၆.၅ |
| ၂၂ | ပြည် | ၆.၅ |
| ၂၃ | ပဲခူး | ၆.၇ |
| ၂၄ | တောင်ငူ | ၆.၅ |
| ၂၅ | ပုသိမ် | ၆.၉ |
| ၂၆ | မအူပင် | ၆.၆ |
| ၂၇ | ဟသ်ာတ | ၆.၉ |
| ၂၈ | မော်လမြိုင် | ၆.၅ |
| ၂၉ | ဘီးလင်း | ၆.၆ |
| ၃၀ | ဘားအံ | ၆.၈ |
| ၃၁ | ကော့ကရိတ် | ၆.၈ |
| ၃၂ | ထားဝယ် | ၆.၆ |
| ၃၃ | မြိတ် | ၆.၆ |
| ၃၄ | ကော့သောင်း | ၆.၉ |

# ၂၀၂၆ ခုနှစ် ဇူလိုင်လအတွင်း ရန်ကုန်(ကမ္ဘာအေး)နှင့် ကျိုင်းတုံမြို့တို့၏ လေအရည်အသွေးအခြေအနေများ

**နေပြည်တော်  ဩဂုတ် ၄**

ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနသည် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(ကမ္ဘာအေး)ရုံး၌ လေအရည်အသွေး စောင့်ကြည့်တိုင်းတာသည့်ကိရိယာ (FPM–377C) ဖြင့် လေထုအတွင်း 2.5 မိုက်ခရွန်မီတာ(µm)နှင့်အောက် သေးငယ်သော အမှုန်အမွှားများ ($PM_{2.5}$) စောင့်ကြည့်တိုင်းတာခြင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ မိုးလေဝသရုံး၌ လေအရည်အသွေးစောင့်ကြည့်တိုင်းတာသည့်ကိရိယာ (Compact Air Quality Monitoring Station – AQM65) ဖြင့် မျက်နှာပြင်အိုဇုန်း ($O_3$)၊ $PM_{10}$ နှင့် $PM_{2.5}$ တို့ကို ၂၄ နာရီ စောင့်ကြည့်တိုင်းတာလျက်ရှိပါသည်။

တိုင်းတာရရှိခဲ့သည့် မှတ်တမ်းများအရ ဇူလိုင်လအတွင်းတွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(ကမ္ဘာအေး)ရုံး၏ လေအရည်အသွေးမှာ ဇူလိုင်လအတွင်းတွင် ကောင်းမွန်သောအဆင့်၌ ၂၃ ရက်၊ အသင့်အတင့်အဆင့်၌ ၈ ရက်နှင့် ကျိုင်းတုံမြို့၏ လေအရည်အသွေးအခြေအနေ ($PM_{2.5}$)မှာ ကောင်းမွန်သောအဆင့်၌ ၃၀ ရက်နှင့် အသင့်အတင့်အဆင့်၌ ၁ ရက် ရှိနေကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

**ရန်ကုန် (ကမ္ဘာအေး)၏ လေအရည်အသွေးအညွှန်းကိန်း (AQI) များပြပုံ**




**ကျိုင်းတုံမြို့၏ $PM_{2.5}$ ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း (AQI)များပြပုံ**




**ကျိုင်းတုံမြို့၏ $PM_{10}$ ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း (AQI)များပြပုံ**




**ကျိုင်းတုံမြို့၏ မျက်နှာပြင်အိုဇုန်း ($O_3$) ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း**




**လေအရည်အသွေးအညွှန်းကိန်း (AQI)အလိုက် အဓိပ္ပာယ်ဖွင့်ဆိုချက်**

| လေအရည်အသွေး အညွှန်းကိန်း (AQI) | လေအရည်အသွေး အဆင့် | အဓိပ္ပာယ်ဖွင့်ဆိုချက် |
|---|---|---|
| ၀ – ၅၀ | ကောင်း | လေထုအရည်အသွေးမှာ ကျေနပ်ဖွယ်ရာဖြစ်သည်။ လေထုညစ်ညမ်းမှုအန္တရာယ်မရှိ သို့မဟုတ် လွန်စွာနည်းပါးသည်။ |
| ၅၁ – ၁၀၀ | အသင့်အတင့် | လေထုအရည်အသွေးမှာ လက်ခံနိုင်စရာဖြစ်သော်လည်း လေထုညစ်ညမ်းမှုအား ခံနိုင်ရည်နည်းပါးသည့် အချို့လူများအတွက် ကျန်းမာရေး ထိခိုက်နိုင်ဖွယ် အသင့်အတင့်ရှိသည်။ |
| ၁၀၁ – ၁၅၀ | ခံနိုင်ရည်နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေး ထိခိုက်စေ | လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသူများ ကျန်းမာရေး ထိခိုက်နိုင်သည်။ ယေဘုယျအားဖြင့် ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်မရှိပါ။ |
| ၁၅၁ – ၂၀၀ | ကျန်းမာရေး ထိခိုက်စေ | လူတိုင်းကျန်းမာရေး ထိခိုက်မှုမျိုး ကြုံတွေ့နိုင်သည်။ လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသော အုပ်စုများကျန်းမာရေး ပိုမိုထိခိုက်နိုင်သည်။ |
| ၂၀၁ – ၃၀၀ | ကျန်းမာရေးကို အလွန်ထိခိုက်စေ | ကျန်းမာရေးအသိပေးချက် – လူတိုင်းကျန်းမာရေး ပြင်းထန်စွာ ထိခိုက်နိုင်သည်။ |
| ၃၀၁ – ၅၀၀ | အန္တရာယ်ရှိ | ကျန်းမာရေးဆိုင်ရာ အရေးပေါ်သတိပေးရမည့် အခြေအနေဖြစ်သည်။ လူထုတစ်ရပ်လုံးကျန်းမာရေး ထိခိုက်နိုင်ခြေပိုများသည်။ |

# အိမ်မွေးတိရစ္ဆာန်များနှင့် ကလေးသူငယ်များ၏ ကျန်းမာရေး

ဒေါက်တာ ဇင်ဇေယျာဝင်း

### အိမ်မွေးတိရစ္ဆာန်နှင့် ကလေးများ

လူတွေဟာ အိမ်မွေးတိရစ္ဆာန်တွေကို သနားချစ်ခင်တာကြောင့် မွေးမြူကြသလို အဖော်ပြုဖို့၊ စိတ်အပန်းဖြေဖို့၊ မိမိကိုအကာအကွယ်ပေးနိုင်ဖို့ စတဲ့ရည်ရွယ်ချက်အမျိုးမျိုးနဲ့လည်း မွေးမြူကြပါတယ်။ အဲဒီ အိမ်မွေးတိရစ္ဆာန်တွေထဲမှာ လူတွေနဲ့အနီးစပ်ဆုံးကတော့ ခွေးနဲ့ ကြောင်တွေဖြစ်ပြီး အဲဒီအိမ်မွေးတိရစ္ဆာန်တွေဟာ ကလေးတော်တော်များများရဲ့ ဘဝအစိတ်အပိုင်းလို ရှိနေတတ်ပါတယ်။ အဲဒီလို အိမ်မွေးတိရစ္ဆာန်မွေးမြူခြင်းကြောင့် ကလေးတွေအတွက် ထိခိုက်မှုမရှိအောင်၊ တတ်နိုင်သမျှ အကျိုးရှိနိုင်အောင် မိဘတွေအနေနဲ့ ကိုယ်တိုင်ကိုယ်ကျ ပါဝင်လုပ်ဆောင်မှု၊ ကလေးတွေနဲ့ ညှိနှိုင်းဆောင်ရွက်မှုတွေ လိုအပ်ပါတယ်။

### အိမ်မွေးတိရစ္ဆာန်ပိုင်ဆိုင်မှု၏ အကျိုးကျေးဇူးများ

သုတေသနတွေ့ရှိချက်တွေအရ အိမ်မွေးတိရစ္ဆာန်ပိုင်ဆိုင်တဲ့ မိသားစုက ကလေးတွေဟာ အိမ်မွေးတိရစ္ဆာန်မရှိတဲ့ကလေးတွေနဲ့ နှိုင်းယှဉ်ရင် ကျန်းမာရေးပိုမိုကောင်းမွန်ပြီး ရွှင်လန်းတက်ကြွမှုပိုများတယ်လို့ သိရှိရပါတယ်။ ဒါ့အပြင် ခံစားချက်၊ အပြုအမူနဲ့ သင်ယူမှုစွမ်းရည်တို့မှာ ပိုပြီးဖွံ့ဖြိုးတိုးတက်နိုင်တယ်လို့ဆိုပါတယ်။ ကလေးတွေအနေနဲ့ အိမ်မွေးတိရစ္ဆာန်တွေအပေါ် ချစ်ခင်ကြင်နာစွာ ဆက်ဆံခြင်းအားဖြင့် လူအချင်းချင်းဆက်ဆံရာမှာ နားလည်မှု၊ ကိုယ်ချင်းစာမှုတွေ ရရှိနိုင်ပါတယ်။ ဒါ့အပြင် အိမ်မွေးတိရစ္ဆာန်တွေဟာ ကလေးတွေအတွက် အောက်ပါအကျိုးကျေးဇူးတွေကို ဆောင်ကြဉ်းပေးနိုင်ပါတယ်–

- အိမ်မွေးတိရစ္ဆာန်တွေဟာ ကလေးတွေအတွက် တစ်ကိုယ်ရေ အတွေးအမြင်တွေ၊ ခံစားချက်တွေကို စိတ်ချလက်ချ ဖွင့်ဟတိုင်တည်စရာ မိတ်ဆွေတွေဖြစ်နိုင်ပါတယ်။
- ကလေးငယ်တွေအနေနဲ့ အိမ်မွေးတိရစ္ဆာန်တွေကို ဂရုစိုက်ရာမှတစ်ဆင့် တာဝန်ယူတတ်တဲ့စိတ်ဓာတ်တွေ ဖွံ့ဖြိုးတိုးတက်လာနိုင်ပါတယ်။
- အိမ်မွေးတိရစ္ဆာန်တွေမှတစ်ဆင့် ကလေးတွေဟာ သဘာဝတရားကို နားလည်အောင်၊ လူသားတွေအပြင် တခြားသက်ရှိတွေကိုပါ ချစ်ခင်တတ်အောင်သင်ယူနိုင်ပါတယ်။
- ကလေးတွေအတွက် သူတို့ချစ်ခင်ရတဲ့ အိမ်မွေးတိရစ္ဆာန်ဆုံးရှုံးခြင်းဟာ ဘဝမှာ သေခြင်းတရားကို ပထမဆုံးကြုံတွေ့နားလည်ရတာ ဖြစ်တတ်ပါတယ်။ ဒီအတွေ့အကြုံဟာ မပြောပလောက်ဘူး ထင်ရနိုင်ပေမယ့် ဘဝမှာ မလွဲမသွေကြုံရမယ့်ဆွေမျိုး မိဘ၊ မောင်နှမဆုံးရှုံးမှုတွေကို ရင်ဆိုင်နိုင်ဖို့ အဖိုးမဖြတ်နိုင်တဲ့ နားလည်လက်ခံနိုင်မှုအခြေခံကို ပေးနိုင်ကြောင်း သိရှိရပါတယ်။

### အိမ်မွေးတိရစ္ဆာန်မှတစ်ဆင့် ကူးစက်နိုင်သောရောဂါများ

အိမ်မွေးတိရစ္ဆာန်တွေကို စနစ်တကျမွေးမြူမယ်ဆိုရင် ကလေးတွေအတွက် အကျိုးကျေးဇူးတွေရှိနိုင်ပေမယ့် ကျန်းမာရေးအသိမရှိ၊ ဂရုတစိုက် မမွေးမြူဘူးဆိုရင်တော့ သူတို့တွေကတစ်ဆင့် ရောဂါအမျိုးမျိုးကူးစက်နိုင်ပါတယ်။ အဲဒီထဲမှာ အသက်အန္တရာယ်အပေးနိုင်ဆုံးကတော့ ခွေးရူးပြန်ရောဂါဖြစ်ပါတယ်။ ခွေးရူးပြန်ရောဂါဟာ ရောဂါရှိတဲ့ ခွေး၊ ကြောင်အကိုက်ခံရတာ၊ အကုတ်ခြစ်ခံရတာတွေကနေ အများဆုံးကူးစက်နိုင်ပြီး ရောဂါရှိတဲ့သတ္တဝါရဲ့ တံတွေးနဲ့ လူရဲ့ထိခိုက်ဒဏ်ရာ ထိတွေ့ရာမှတစ်ဆင့်လည်း ကူးစက်နိုင်ပါတယ်။



အူရောင်ငန်းဖျားရောဂါဖြစ်စေတတ်တဲ့ ဗက်တီးရီးယားပိုးတွေလည်း တိရစ္ဆာန်တွေရဲ့ အညစ်အကြေးကို ထိတွေ့ရာမှတစ်ဆင့် ကူးစက်နိုင်ပါတယ်။ အိမ်မွေးတိရစ္ဆာန်တွေကနေ လူကို ကူးစက်နိုင်တဲ့ ရောဂါတွေထဲမှာ Cryptosporidium လို့ခေါ်တဲ့ ကပ်ပါးကောင်တွေ၊ Echinococcus multilocularis နဲ့ Echinococcus granulosus အမည်ရှိတဲ့ တုတ်ပြားကောင်တွေပါပါတယ်။ ဒီကပ်ပါးကောင်တွေ၊ တုတ်ပြားကောင်တွေရှိနေတဲ့ ခွေးတို့၊ ကြောင်တို့ရဲ့ အညစ်အကြေး၊ ဒါမှမဟုတ် အညစ်အကြေးနဲ့ ပေကျံနေတဲ့ခန္ဓာကိုယ်၊ အမွေးတွေနဲ့ ထိတွေ့မိရာကနေ လူကိုရောဂါကူးစက်နိုင်ပါတယ်။

တိရစ္ဆာန်တွေရဲ့ဆံပင်၊ သွားရည်တံတွေးတွေကြောင့် ကလေးတွေမှာ ဓာတ်မတည့်တဲ့ရောဂါတွေ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာတွေဖြစ်နိုင်ပါတယ်။ အလားတူပဲ Microsporum canis အမည်ရှိပြီး ခွေးတွေမှာ အရေပြားရောဂါဖြစ်စေတဲ့ မှိုတစ်မျိုးလည်း လူကိုကူးစက်နိုင်ပါတယ်။ ဒါ့အပြင် အိမ်မွေးတိရစ္ဆာန်တွေမှာ တွယ်ကပ်ပေါက်ပွားလေ့ရှိတဲ့သန်းတွေ၊ မွှားတွေ၊ လေးတွေကလည်း လူကိုကူးစက်နိုင်ပါတယ်။

နောက်ထပ်ရောဂါတစ်ခုကတော့ ကြောင်တွေရဲ့ မစင်မှတစ်ဆင့် ကူးစက်နိုင်တဲ့ Toxoplasmosis အမည်ရှိရောဂါဖြစ်ပါတယ်။ ပိုပြီး ဂရုစိုက်ရမှာကတော့ ပုံမှန်အိမ်မွေးတိရစ္ဆာန်မဟုတ်တဲ့ တောရိုင်းတိရစ္ဆာန်တွေဖြစ်ပါတယ်။ အဲဒီအကောင်တွေဟာ ပိုပြီး အန္တရာယ်ရှိတဲ့ ရောဂါတွေကို သယ်ဆောင်နိုင်တာကြောင့် တောရိုင်းတိရစ္ဆာန်တွေကို မထိဖို့နဲ့ အိမ်ကိုယူမလာဖို့ သင်ကြားပေးရပါမယ်။

### အိမ်မွေးတိရစ္ဆာန်များကို ရွေးချယ်မွေးမြူခြင်း

အိမ်မွေးတိရစ္ဆာန်ရွေးချယ်ရာမှာ မိသားစုရဲ့နေထိုင်မှုပုံစံ၊ အချိန်ပေးနိုင်မှု၊ နေရာလွတ်အကျယ်အဝန်းတွေအပြင် ကလေးရဲ့အသက်၊ ကျန်းမာရေးအခြေအနေနဲ့ ဖွံ့ဖြိုးတိုးတက်မှုအဆင့်တွေနဲ့ကိုက်ညီဖို့ အလွန်အရေးကြီးပါတယ်။ ကလေးငယ်တွေအတွက် ဘေးကင်းလုံခြုံရေးက အဓိကဖြစ်တာမို့ အသက် ၅ နှစ်အောက်ကလေးရှိရင် တွားသွားသတ္တဝါတွေလိုမျိုး အန္တရာယ်ရှိနိုင်တဲ့ တိရစ္ဆာန်တွေကို မရွေးချယ်သင့်ပါ။ ဒါ့အပြင် အိမ်မွေးတိရစ္ဆာန်ကို ယုံကြည်စိတ်ချရတဲ့သူသို့မဟုတ် မွေးမြူရေးခြံကသာ ရယူသင့်ပြီး အိမ်ကိုမယူလာခင် ကျန်းမာရေးကောင်း/မကောင်း၊ လူတွေနဲ့ ရင်းနှီးကျွမ်းဝင်နိုင်မှုရှိ/မရှိ နဲ့ အပြုအမူတွေ မှုမှန်/မမှန် စတာတွေကို သေချာစစ်ဆေးရပါမယ်။ ကာကွယ်ဆေးထိုးမှတ်တမ်းတွေနဲ့ သက်ဆိုင်ရာစာရွက်စာတမ်းတွေ ပြည့်စုံသလားဆိုတာလည်း စစ်ဆေးရပါမယ်။ အထူးသဖြင့် ခွေးတွေကိုရွေးချယ်တဲ့အခါ မျိုးရိုးအလိုက် အရွယ်အစားကြီးတာ၊ ခွန်အားကြီးတာ သို့မဟုတ် ရန်လိုတတ်တာတွေကြောင့် အန္တရာယ်ဖြစ်နိုင်တဲ့အတွက် ပိုသတိထားစဉ်းစားဖို့လိုပါတယ်။ မိဘတွေအနေနဲ့ ကိုယ့်ကလေးရဲ့ ဘေးကင်းလုံခြုံရေးကို အမြဲတမ်းဦးစားပေး စဉ်းစားပြီး သင့်တော်တဲ့ အိမ်မွေးတိရစ္ဆာန်ကို ရွေးချယ်ရမှာဖြစ်ပါတယ်။

### အိမ်မွေးတိရစ္ဆာန်များကို စနစ်တကျ မွေးမြူစောင့်ရှောက်ခြင်း

အိမ်မွေးတိရစ္ဆာန်တစ်ကောင်ကို စနစ်တကျမွေးမြူစောင့်ရှောက်နိုင်ဖို့ အောက်ပါလမ်းညွှန်ချက်တွေကို လိုက်နာဖို့လိုပါတယ် –

- အလွန်ငယ်တဲ့ကလေးတွေ (အသက် သုံးနှစ်မှ လေးနှစ်အောက်) အနီးအနားမှာ အိမ်မွေးတိရစ္ဆာန်တွေရှိတိုင်း အမြဲတမ်း စောင့်ကြည့်နေသင့်ပါတယ်။
- ကလေးက အိမ်မွေးတိရစ္ဆာန်တစ်ကောင်ကို စောင့်ရှောက်နိုင်တဲ့ အရွယ်ရောက်နေရင်တောင် မိဘတွေက ကြီးကြပ်ရပါမယ်။
- ကလေးက အိမ်မွေးတိရစ္ဆာန်ကို မွေးမြူစောင့်ရှောက်ရာမှာ အားနည်းလာရင် မိဘတွေက တာဝန်ယူရပါမယ်။
- အိမ်မွေးတိရစ္ဆာန်တွေဟာလည်း အစားအစာ၊ ရေနဲ့ လေ့ကျင့်ခန်းလုပ်ဖို့လိုကြောင်း ကလေးတွေကို နူးညံ့သိမ်မွေ့စွာ သတိပေးရပါမယ်။
- တကယ်လို့ ကလေးဟာ သူမွေးထားတဲ့ အိမ်မွေးတိရစ္ဆာန်ကို လျစ်လျူရှုနေရင်၊ တခြားဂရုစိုက်မွေးမြူမယ့် ပိုင်ရှင်အသစ်တစ်ယောက်ရှာဖို့ လိုမှာဖြစ်ပါတယ်။
- မိဘတွေအနေနဲ့ အိမ်မွေးတိရစ္ဆာန်မွေးမြူစောင့်ရှောက်တဲ့ နေရာမှာ တာဝန်ယူတတ်သူ စံပြပုဂ္ဂိုလ်အဖြစ်ပြုမူပြသရပါမယ်။ ဒါမှသာ ကလေးတွေအနေနဲ့ လေ့လာသင်ယူနိုင်မှာဖြစ်ပါတယ်။

### အိမ်မွေးတိရစ္ဆာန်များနှင့် ဘေးကင်းပျော်ရွှင်စွာနေထိုင်ခြင်း

အဓိက အရေးကြီးတဲ့အချက်ကတော့ အိမ်မွေးတိရစ္ဆာန်တွေ၊ သူတို့ရဲ့အစားအစာတွေ၊ အစာနဲ့ ရေထည့်တဲ့ခွက်တွေ၊ နေရာထိုင်ခင်းတွေနဲ့ ထိတွေ့ပြီးရင် ကလေးတွေကို အမြဲလက်ဆေးကြောခိုင်းဖို့ လိုပါတယ်။ ကလေးငယ်အနေနဲ့ အိမ်မွေးတိရစ္ဆာန်တစ်ကောင်ကို စောင့်ရှောက်မွေးမြူနိုင်ဖို့ အနည်းဆုံး အသက် ငါးနှစ်၊ ခြောက်နှစ်လောက်မှ စတင်ခွင့်ပြုသင့်ပါတယ်။ မိမိတို့ကလေးတွေ အိမ်မွေးတိရစ္ဆာန်တွေရဲ့ ဘေးအန္တရာယ်ကင်းရှင်းနိုင်ဖို့ အောက်ပါအကြံပြုချက်တွေကို လိုက်နာသင့်ပါတယ်–

- အိမ်မွေးတိရစ္ဆာန်တွေကို ဘယ်လိုချဉ်းကပ်ရမယ်ဆိုတာနဲ့ ဘယ်အချိန်မှာ သူတို့စားဖို့၊ အိပ်ဖို့ နေရာထိုင်ခင်းပေးသင့်တယ်ဆိုတာကို ကလေးကိုသင်ပေးပါ။
- ကလေးအနေနဲ့ အိမ်မွေးတိရစ္ဆာန်တွေကို ကြင်နာစွာဆက်ဆံပါစေ၊ လှောင်ပြောင်ရန်စတာ၊ နာကျင်စေတာတွေလုပ်မယ်ဆိုရင် အကိုက်ခံ၊ အကုတ်ခံရနိုင်တယ်ဆိုတာ သတိပေးရှင်းပြထားရပါမယ်။
- ဘယ်တော့မှ ကလေးငယ်ကို အိမ်မွေးတိရစ္ဆာန်နဲ့ မထားခဲ့ပါနဲ့။
- တိရစ္ဆာန်တွေကို ကလေးရဲ့အိပ်ရာအိပ်ခန်းထဲ ဝင်ခွင့်မပေးသင့်ပါ။
- ကလေးငယ်တွေအနေနဲ့ အိမ်မွေးတိရစ္ဆာန်ကို ထိတွေ့ကိုင်တွယ်ပြီးနောက်မှာ လက်တွေကို အမြဲတမ်းသေချာဆေးကြောဖို့ သတိပေးပါ။
- အိမ်မွေးတိရစ္ဆာန်တွေ အထူးသဖြင့် ကြောင်နဲ့ခွေးတွေကို ခွေးရူးပြန်ရောဂါကာကွယ်ဆေး အမြဲထိုးပါ။
- အိမ်မွေးတိရစ္ဆာန် နာမကျန်းဖြစ်တာ ဒါမှမဟုတ် အပြုအမူပြောင်းလဲတာတွေတွေ့ရင် တိရစ္ဆာန်ဆရာဝန်နဲ့ ချက်ချင်းပြသပါ။ နာမကျန်းဖြစ်နေတဲ့တိရစ္ဆာန်ကို ကလေးတွေနဲ့ ဝေးဝေးထားပါ။
- ကလေးကို အိမ်မွေးတိရစ္ဆာန် တစ်ကောင်ကောင် အကိုက်ခံရ၊ အကုတ်ခံရရင် မပေါ့ဆသင့်ပါ။ အထူးသဖြင့် ဒဏ်ရာက သွေးထွက်နေရင် ဆေးရုံ၊ ဆေးခန်းသို့ ချက်ချင်းသွားရောက်ပြသပါ။ ဒီလိုစည်းကမ်းနည်းလမ်းတွေကို သေချာလိုက်နာလုပ်ဆောင်နိုင်မယ်ဆိုရင် မိမိတို့ကလေးငယ်တွေအနေနဲ့ အိမ်မွေးတိရစ္ဆာန်လေးတွေကို ဘေးကင်းလုံခြုံစွာ မွေးမြူနိုင်မှာဖြစ်ကြောင်း အသိပေးရေးသားလိုက်ပါတယ်။ ။

> ❂ အိမ်မွေးတိရစ္ဆာန်တွေကို စနစ်တကျမွေးမြူမယ်ဆိုရင် ကလေးတွေအတွက် အကျိုးကျေးဇူးတွေရှိနိုင်ပေမယ့် ကျန်းမာရေးအသိမရှိ၊ ဂရုတစိုက် မမွေးမြူဘူးဆိုရင်တော့ သူတို့တွေကတစ်ဆင့် ရောဂါအမျိုးမျိုးကူးစက်နိုင်ပါတယ်။ အဲဒီထဲမှာ အသက်အန္တရာယ် အပေးနိုင်ဆုံးကတော့ ခွေးရူးပြန်ရောဂါဖြစ်ပါတယ်။ ခွေးရူးပြန်ရောဂါဟာ ရောဂါရှိတဲ့ ခွေး၊ ကြောင်အကိုက်ခံရတာ၊ အကုတ်ခြစ်ခံရတာတွေကနေ အများဆုံးကူးစက်နိုင်ပြီး ရောဂါရှိတဲ့ သတ္တဝါရဲ့ တံတွေးနဲ့ လူရဲ့ထိခိုက်ဒဏ်ရာ ထိတွေ့ရာမှတစ်ဆင့်လည်း ကူးစက်နိုင်ပါတယ်
>
> ❂ အဓိက အရေးကြီးတဲ့အချက်ကတော့ အိမ်မွေးတိရစ္ဆာန်တွေ၊ သူတို့ရဲ့အစားအစာတွေ၊ အစာနဲ့ ရေထည့်တဲ့ ခွက်တွေ၊ နေရာထိုင်ခင်းတွေနဲ့ ထိတွေ့ပြီးရင် ကလေးတွေကို အမြဲလက်ဆေးကြောခိုင်းဖို့ လိုပါတယ်။ ကလေးငယ်အနေနဲ့ အိမ်မွေးတိရစ္ဆာန်တစ်ကောင်ကို စောင့်ရှောက်မွေးမြူနိုင်ဖို့ အနည်းဆုံး အသက်ငါးနှစ်၊ ခြောက်နှစ်လောက်မှ စတင်ခွင့်ပြုသင့်ပါတယ်

## တီးတိန်မြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ်သင်တန်းဖွင့်

**တီးတိန် ဩဂုတ် ၄**

ချင်းပြည်နယ် တီးတိန်မြို့၌ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်ပွဲကို ယမန်နေ့က မြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေး နှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဦးက သင်တန်းဖွင့် အမှာစကား ပြောကြားပြီး ခရိုင်ဥပဒေအရာရှိဦးစိုးသူအောင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။



အဆိုပါ သင်တန်းတွင် မြို့နယ်ဥပဒေအရာရှိဦးဟန်မျိုးဝင်းက ဥပဒေဘာသာရပ် ၁၁ ခုကို သင်ကြားပို့ချမည်ဖြစ်ပြီး သင်တန်းသား ၅၁ ဦး တက်ရောက်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ချောင်းဆုံမြို့နယ်ထွက် ကျွဲကောသီးများ ဈေးကောင်းရရှိ

**ချောင်းဆုံ ဩဂုတ် ၄**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်းရှိ ဒေသထွက် ကျွဲကောသီးများ ယခုနှစ်တွင် ဈေးကောင်းရရှိနေသည့်အပြင် စိုက်ပျိုးသူ ခြံရှင်များထံသို့ အရောက် လာရောက်ဝယ်ယူသူများပြားလျက်ရှိသည်။

ကျွဲကောစိုက်ပျိုးရာတွင် အကိုင်းဆက်ပင်များကို အဓိက စိုက်ပျိုးကြပြီး ငါးနှစ်အကြာတွင် စတင်၍ အသီးများခူးဆွတ်ရရှိကြောင်း သိရသည်။ အသီးများ အထွက်ကောင်းပြီး အရည်အသွေး ပြည့်မီစေရန်အတွက် နွေရာသီကာလများတွင် သဘာဝဓာတ်မြေဩဇာများ စနစ်တကျထည့်သွင်းပေးခြင်း၊ ဂရုတစိုက်ရေသွင်းပေးခြင်းတို့ကို အဓိကထား လုပ်ဆောင်ကြရသည်။



ချောင်းဆုံဒေသထွက် ကျွဲကောသီးများကို နှစ်စဉ် ဇူလိုင်လမှ စတင်ကာ ခူးဆွတ်ရောင်းချနိုင်ပြီး ယခုအခါ လမ်းပန်းဆက်သွယ်ရေးနှင့် ဝယ်ယူသူများ အလွယ်တကူလာရောက်နိုင်မှုကြောင့် ခြံအရောက်အရောင်းအဝယ်ဖြစ်နေကာ ဒေသခံ ကျွဲကောစိုက်တောင်သူများအတွက် မိသားစု ပိုမိုတွက်ခြေကိုက်လျက်ရှိကြောင်း သိရသည်။

**ကိုကျော်(ချောင်းဆုံ)**

## ဝမ်းတွင်းမြို့နယ်၌ စက်မှုလုပ်ငန်းသုံး ပါဝါမီတာများနှင့် အိမ်သုံးမီတာများ တရားမဝင်ဓာတ်အားသုံးစွဲမှု မရှိစေရေး စစ်ဆေး

**ဝမ်းတွင်း ဩဂုတ် ၄**

ဝမ်းတွင်းမြို့နယ်၌ တပ်ဆင်အသုံးပြုနေသော စက်မှုလုပ်ငန်းသုံး ပါဝါမီတာများနှင့် အိမ်သုံးမီတာများ တရားမဝင်ဓာတ်အားသုံးစွဲမှု မရှိစေရေး ဇူလိုင် ၂၈ ရက်က မိတ္ထီလာခရိုင်လျှပ်စစ်မန်နေဂျာ ဦးနောင်ဘိုဘိုလင်း ဦးဆောင်၍ ဝမ်းတွင်းမြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ မြို့နယ်လျှပ်စစ် မန်နေဂျာ၊ ဒုတိယလျှပ်စစ်မန်နေဂျာ၊ မီတာဖတ်စာရေးများနှင့် လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများက မြို့နယ်အတွင်း တပ်ဆင်အသုံးပြုနေသော စက်မှုလုပ်ငန်းသုံး ပါဝါမီတာများနှင့် အိမ်သုံးမီတာများကို လျှပ်စစ်ဓာတ်အားသုံးစွဲသူများက မသမာသောနည်းလမ်း အသုံးပြု၍တရားမဝင်သုံးစွဲမှု ရှိ မရှိ စစ်ဆေးခြင်း၊ မီတာဆီးလ်များ ပြည့်စုံမှု ရှိမရှိစစ်ဆေးခြင်းနှင့် ဓာတ်အားခ ပေးဆောင်ခြင်း ရှိ မရှိတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## ညောင်လေးပင်မြို့၌ ကျေးရွာမြေငှားဂရန်ပေးအပ်



**ညောင်လေးပင် ဩဂုတ် ၄**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့၌ ကျေးရွာမြေငှားဂရန်ပေးအပ်ပွဲကို ယနေ့နံနက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲဝင်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက ငှက်ပျောတောကျေးရွာအတွင်းရှိ လူဦးရေ ၁၂၇ ဦးတို့အား မြေငှားဂရန်စာချုပ်များ ပေးအပ်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## ကော့သောင်းမြို့၌ လူငယ်စကားဝိုင်း ကျင်းပ

**ကော့သောင်း ဩဂုတ် ၄**

ကော့သောင်းမြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ အခြေခံပညာဦးစီးဌာန ကော့သောင်းမြို့နယ် ပညာရေးမှူးဆရာမကြီး ဒေါ်ချိုချိုငြိမ်းက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝါဝါခိုင်က လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်၍ ကျောင်းသား ကျောင်းသူ ငါးဦးက လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့်မူးယစ်ဆေးဝါး၊ လူငယ်နှင့် ဘာသာရေးခေါင်းစဉ်တို့ဖြင့် ဟောပြောကြသည်။



**ခရိုင်(ပြန်/ဆက်)**

## ဇဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးအပ်



**ရန်ကုန် ဩဂုတ် ၄**

ရန်ကုန်တိုင်းဒေသကြီး ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) အောက်မြန်မာပြည်၌ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းလုပ်ငန်းများကို ဩဂုတ် ၁ ရက်တွင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများ ဦးဆောင်သော ကုသရေးအဖွဲ့က အထွေထွေလူနာ စုစုပေါင်း ၁၉၈၉ ဦးတို့ကို ကွင်းဆင်းကုသပေးပြီး လာရောက်ကုသသော ပြည်သူများအား လိုအပ်သော ဆေးဝါးများနှင့် မျက်စဉ်းဆေးများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဟန်နီ(ပြန်/ဆက်)**



## ကျောင်းကုန်းမြို့၌ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းကုသပေး

**ကျောင်းကုန်း ဩဂုတ် ၄**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများအဖွဲ့သည် လှည်းဆိပ်စံပြကျေးရွာ ရွှေဘုန်းမြင့်ကျောင်းတိုက်၌ ဒေသခံပြည်သူများအား ယနေ့နံနက်က ကွင်းဆင်းဆေးကုသပေးရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုဦး၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစန်းစန်းမိုးနှင့် ကျန်းမာရေးဝန်ထမ်းများနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ပြီး လာရောက်ပြသသည့်လူနာများအား မုန့်နှင့်ရေသန့်ဘူးများ လှူဒါန်းခဲ့ကြသည်။

ကွင်းဆင်းကုသရာတွင် အထွေထွေရောဂါအထူးကုလူနာ ၁၀၃ ဦး၊ ခွဲစိတ်လူနာ ၁၇ ဦး၊ သားဖွားမီးယပ်လူနာ ၂၄ ဦး၊ အရိုးနှင့်ထိခိုက်ဒဏ်ရာလူနာ ၄၁ ဦး၊ တယ်လီဗေးရှင်းဓာတ်မှန်ရိုက်ခြင်း ၃၉ ဦး၊ သွားနှင့်ခံတွင်းလူနာ ၂၉ ဦး၊ ကလေးလူနာ ၂၀ တို့အား ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့သည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



## ပွင့်ဖြူမြို့နယ်၌ စာဖတ်ဝိုင်းကျင်းပ

**ပွင့်ဖြူ ဩဂုတ် ၄**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ စာပေချစ်မြတ်နိုးသူများအသင်း(Book Club)အဖွဲ့ဝင်များနှင့် စာဖတ်ဝိုင်းဆွေးနွေးပွဲကို ယမန်နေ့က ကျင်းပရာ မြို့နယ်စာပေချစ်မြတ်နိုးသူများ(Book Club)အသင်းဥက္ကဋ္ဌ ဦးလှကို(ပညာရေးငြိမ်း)က စာဖတ်ဝိုင်း ကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စာပေဝါသနာရှင်များက စာရေးဆရာ နန္ဒာသိန်းဇံ ရေးသားသည့် "ခရောင်းလမ်းကို ဖြတ်ကျော်ခြင်း" စာအုပ်ပါ သုတ/ရသ စာပေ သိမှတ်ဖွယ်ရာများကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**



ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ အမှတ်(၉)ရပ်ကွက် ရေလဲလမ်းရှိ မြို့နယ်မီးသတ်ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဩဂုတ် ၃ ရက် နံနက်က သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်း (၂/၂၀၂၄)ဖွင့်ပွဲ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုဝင်းက အမှာစကားပြောကြားပြီး ခရိုင်မီးသတ်ဦးစီးမှူး ဦးစိုးမိုးထွန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားစဉ်။ အောင်မြင့်မြတ်(ပြန်/ဆက်)

**လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့်**

**မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၂၃/၂၀၂၆-၂၀၂၇)

၁။ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနအတွက် အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | PPRD/ CON/ CAP/T/2 (2026–2027)Retender | ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ကြီးကြပ်စစ်ဆေးရေး အရာရှိရုံး၊ ပျဉ်းမနား မြို့တွင်း (၅၀' x ၅၈') RC (၄) ခန်းတွဲ (၂)ထပ် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း (ရေ၊ မီး၊ မိလ္လာ၊ ရေမြောင်းအပါအဝင်)၊ ရုံးဝင်းသစ် အနောက်ဘက်ခြမ်း ဝန်ထမ်းအိမ်ရာပတ်လည်တွင် ခြံစည်းရိုးကာရံခြင်း (အလျား၉၀၀' x အမြင့် ၆') နှင့် ကားရပ်နားရန်နေရာ တည်ဆောက်ခြင်း (၄၈' x ၁၄')(Steel Structure) | |
| (၂) | PPRD/LP/LAB/CAP/T/1 (2026–2027)Retender | Fuel Lab Equipment (2–Items) (DDP up to PPRD, Myeik) | |
| (၃) | PPRD/LP/LAB/CAP/T/3 (2026–2027) Retender | Laboratory Furniture and Accessories(5 – Items) (DDP up to PPRD, Myeik) | |
| (၄) | PPRD/LP/MCY/CAP/T/1 (2026–2027) Retender | Solar System (3–Items) (DDP up to PPRD, Yangon, Mandalay & Kayin) | |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၄ – ၈ –၂၀၂၆ ရက်နေ့မှစ၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၆)၊ (ဘတ်ဂျက်ဌာနခွဲ) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာနဝက်ဆိုဒ် (www.energy.gov.mm)တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၈-၈-၂၀၂၆ ရက်၊ (၁၃:၀၀)နာရီတွင် နောက်ဆုံးထား၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၆)၊ ရတနာခန်းမ၊ နေပြည်တော်သို့ (လူကိုယ်တိုင်) လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**ဖုန်း-၀၆၇-၃၄၁၁၄၈၇**

## ကန့်ကွက်နိုင်ပါကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ အကွက်အမှတ်(၃/ပဒေသာ)၊ ဦးပိုင်အမှတ်(၂၂)၊ မြေဧရိယာ(၀ဒသမ၁၁၀)ကေအား ဒေါ်လီလင်မိမ်း ၁၃/လကန (နိုင်)၀၁၃၅၅၅ အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်း ခွင့်ပြုချထားပေးနိုင်ပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားစာရွက်စာတမ်း(မူရင်း)များဖြင့် ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ ကြော်ငြာပါသည့် ရက်မှ(၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2TLR/2167 ၏ ဖောင်းကြွနံပါတ်ပြား (၁)ချပ် ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2TLR/2163 ၏ ဖောင်းကြွနံပါတ်ပြား (၁)ချပ် ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 22W/82208 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 86W/56018 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 41W/52353 SUZUKI SHAGAN 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးလှကို ၁၂/လကန (နိုင်)၀၀၃၂၇၂ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး၊ (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 26U/4572 BJAJ 205D(199cc)Three Wheel Passenger(၃x၂)ယာဉ်အမည်ပေါက်သူ Precision Auto Engineering က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး၊ (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်မြို့**

## တစ်ဦးတည်းဖြစ်ကြောင်း၊ မွေးသက္ကရာဇ်အမှန်နှင့် ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ အနောက်ပိုင်းကျေးရွာ၊ သဃ်န်းကျွန်းကြီးရပ်ကွက်၊ ဇော်တိက(၃)လမ်းနေ (ဘ) ဦးဟံညီမိမ်း၏သမီးဖြစ်သူ ကျွန်မ ဒေါ်ကေသီ (၈/မမန(နိုင်)၂၂၄၅၇)ကိုင်ဆောင်သူသည် နိုင်ငံသားစိစစ်ရေးကတ်ပြားအမည် ဒေါ်ကေသီ၊ မွေးသက္ကရာဇ် (၂၆-၇-၁၉၉၂) ဖြစ်ပြီး ကျောင်းမှတ်တမ်းများအရ အမည်မှာ ဒေါ်ကျော့ကေခိုင်၊ မွေးသက္ကရာဇ်(၁၅-၆-၁၉၉၂)ဟု ပါရှိပါသဖြင့် ကျွန်မ ဒေါ်ကေသီနှင့် ဒေါ်ကျော့ကေခိုင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ် အမှန်မှာ(၁၅-၆-၁၉၉၂)ဖြစ်ပါကြောင်း၊ ဖခင်အမည်မှန်မှာ ဦးဟန်ငြိမ်း(၈/မမန(နိုင်)၁၀၇၀၃၆)နှင့် ဒေါ်ကေသီ(ခ)ကျော့ကေခိုင်ဖြစ်ပါကြောင်း။

**ဦးဟန်ငြိမ်း၊ ဒေါ်ကေသီ(ခ)ဒေါ်ကျော့ကေခိုင်**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ပဲခူးမြို့နယ်၊ ဘုရားကြီးမြို့ (၂)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၅၃၅ခ)၊အကွက်အမည်-သမန်းကုန်းအနောက်ကွင်း၊ ဦးပိုင်အမှတ်(၄၃ဂ)၊ ဧရိယာ(၀.၂၈)ကေရှိ အရှေ့လားသော်-ဦးပိုင်အမှတ်(၄၃ခ)၊ အနောက်လားသော်- ဦးပိုင်အမှတ်(၄၃ဃ)၊ တောင်လားသော်-ဘုရားကြီး-ဝေါကားလမ်း၊ မြောက်လားသော်-(၄၄/၈)ရှိ မြေကို ဦးစိုးလွင်မှ ဘိုးဘပိုင်အမည်ပြောင်း လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် (၂-၉-၂၀၂၆)ရက် နောက်ဆုံးထား ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ပဲခူးမြို့နယ်မြေစာရင်းဦးစီးဌာန၊ ပဲခူးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6F/7225 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြင်းခြံ)**

## အမည်မှန်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းမြို့၊ ရပ်ကွက်(၂) နေ ဦးတရိုင်း ၁၃/တယန(နိုင်) ၀၂၇၅၃၅ ၏ အမည်မှန်မှာ ဦးတဆိုင် ဖြစ်ပါကြောင်း။

**ဦးတဆိုင်**

## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့နယ် ၊ မြို့မအထက်တန်းကျောင်း Grade-5 မှ မနေခြည်လင်းလက်၏ အမည်မှန်မှာ မနေခြည်လင်းလက် ဖြစ်ပါကြောင်း။

**မနေခြည်လင်းလက်**

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး ၊ နွားထိုးကြီးမြို့နယ် ၊ မြို့မအထက်တန်းကျောင်း Grade-5 မှ မောင်စည်သူအောင်၏ မွေးသက္ကရာဇ်အမှန်မှာ(၁၀-၆- ၂၀၁၇)ဖြစ်ပါကြောင်း။

**မောင်စည်သူအောင်**

## ပျောက်ဆုံးကြောင်း

(ဘ) ဦးတင်အောင်၏သား၊ ကျွန်တော် ဆလိုင်းဇေ ၁၁/မပတ (နိုင်)၀၄၉၁၄၅ ၏ နိုင်ငံကူးလက်မှတ်အမှတ် (MH927316) သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၁၂၄၃၂၈၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ၊ မြေတိုင်းရပ်ကွက်အမှတ် (၇)၊ မြေကွက်အမှတ်(၃၂၆/ခ) ၊ ဗိုလ်ခန့်(၂)လမ်း၊ ဧရိယာ ပေ (၂၀x၆၀) အကျယ်အဝန်းရှိ ဦးဇော်ဝင်း(ဘ) ဦးဟန်မောင် (၁၂/သဃက(နိုင်)၀၁၇၈၅၇) အမည်ဖြင့်ချထားပေးသော ဂရန်မြေကွက်နှင့် အိမ်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်ဝင်းခြံ အကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ဦးဇော်ဝင်း(၁၂/သဃက(နိုင်)၀၁၇၈၅၇) ကိုယ်တိုင်မိမိတစ်ဦးတည်း ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆို၍ ကျွန်ုပ်၏မိတ်ဆွေမှဝယ်ယူရန် စရန်ငွေတစ်စိတ် တစ်ဒေသကိုပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်းခိုင်လုံသည့် စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်၍ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိအိစိုး (LLB ) စဉ် – ၁၄၆၃၀ ဒေါ်နှင်းသီရိ (LLB) စဉ် – ၁၉၀၂၃**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၁၀၂) ၊ အကောက်ခွန် (၄)လမ်း၊ (၃၉) ရပ်ကွက် ၊ ဒဂုံမြို့သစ် (မြောက်ပိုင်း )မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉- ၉၇၈၇ ၅၉၉၂၇ ၊ ၀၉- ၇၉၅၇၇၂၆၅၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ရခိုင်ရိုးလေးကျေးရွာ၊ ပိတောက်လမ်း၊ မြေကွက်အမှတ် (၁၂၆) ၊ အကျယ်အဝန်း ( အလျား ၁၈ပေ x အနံ ပေ၁၀၀)ရှိ ရွာမြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိအရောင်းအဝယ်ဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဟဝန်ခံသူ ဦးမျိုးထက်အောင်(၁၂/လသယ(နိုင်)၀၇၇၃၉၃) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်အရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုသူမည်သူမဆို ကျွန်ုပ်ထံသို့ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ –**
**ဒေါ်အေးမင်းသန့် (ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၁၅၉/၂၀၁၆)**
**အမှတ်–၈၃၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉–၄၅၀၀၂၇၈၃၃**

## နိကာယ်သာသနာတော်ထွန်းကားရေးအသင်း
## (၄၉)ကြိမ်မြောက်နိကာယ်ငါးရပ်စာလျှောက်မေးပွဲ

အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီး တည်ထောင်၍ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ တိပိဋကဓရ၊ တိပိဋကကောဝိဒ၊ ဓမ္မဘဏ္ဍာဂါရိက၊ (D.Litt) (Ph.D) ဒေါက်တာဘွဲ့ရ ဆရာတော်ကြီးများ ဦးစီးစီမံဆောင်ရွက်တော်မူလျက် နိုင်ငံတော်အစိုးရက ကျင်းပသော တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲကြီးအား အထောက်အပံ့ ဖြစ်စေသော ဤအသင်းကြီး၏ နိကာယ်ငါးရပ် စာလျှောက်မေးပွဲများကို ၁၃၈၈-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀)ရက်၊ (အမျိုးသားနေ့)၊ ( ၄ . ၁၂ . ၂၀၂၆ ) မှစ၍ (၆) ရက်တိုင်တိုင် အောက်ပါ အသင်းတည်နေရာတွင် ကျင်းပပါမည်။

ဖြေဆိုကြမည့် ပုဂ္ဂိုလ်များသည် အသင်းရုံးတွင် ဝင်ခွင့်ပုံစံများ တောင်းယူလျက် ၁၃၈၈-ခုနှစ်၊ သီတင်းကျွတ်လပြည့် ( ၂၆ . ၁၀ . ၂၀၂၆ ) ရက်နေ့ နောက်ဆုံးထားပြီး အောက်ဖော်ပြပါ လိပ်စာသို့ ပေးပို့ကြပါရန် လျှောက်ထားအပ်ပါသည်။

**အမှုဆောင်အဖွဲ့**
**နိကာယ်သာသနာတော်ထွန်းကားရေးအသင်း**
ပဉ္စနိကာယသာသနာ့ဗိမာန်တော်၊ ကန်ဘဲ့ဘူတာရုံလမ်း၊ (၁၁)ရပ်ကွက်၊ ရန်ကင်းမြို့နယ်။
ဦးသောင်းလွင်(ဥက္ကဋ္ဌ) ၀၁၅၄၂၅၉၈၊ ဦးငွေသန်း(အတွင်းရေးမှူး) ၀၉၄၀၈၆၀၃၃၆၆၊ အသင်းရုံး-၀၉၄၄၃၀၂၂၀၉၃

## အမည်မှန်

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့၊ အထက(၁) Grade-12(E) တွင် ပညာသင်ကြားနေသော (အဘ) ဦးဝင်းနိုင် ၏သမီး မဖြူစင်မိုး၏ အမည်မှန်မှာ မဖြူဇင်မိုး ဖြစ်ပါကြောင်း။

**မဖြူဇင်မိုး**

## မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ နိဗ္ဗာန်ကျေးရွာနေ (ဘ) ဦးစိုးကြည် ၇/ကဝန(နိုင်)၀၂၉၂၆ ၏သား မောင်ဖြိုးမင်းကျော် ၏ မွေးသက္ကရာဇ်အမှန်မှာ ၅-၁၂-၂၀၀၅ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မကွေးမြို့၊ မိသားစုကိုယ်ပိုင် အထက်တန်းဆင့်သင်ကျောင်း G-12 တွင် ပညာသင်ကြားနေသော မမေနှင်းဦး၏ ဖခင်အမည်မှန်မှာ ဦးမင်းမင်းထွန်း ၇/သကန (နိုင် )၀၀၀၀၂၅ ဖြစ်ပါသည်။

**ဦးမင်းမင်းထွန်း**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အမှတ်(၃၁)အခြေခံပညာမူလတန်းကျောင်း Grade-4 တွင် ပညာသင်ကြားနေသော မောင်မင်းရတု ၏ ဖခင်အမည်အမှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးမျိုးမင်းထွန်း ၁၀/သထန (နိုင်) ၀၇၀၃၃၈ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈)၊ စက်မှုဒုန် (၆)လမ်း၊ မြေကွက်အမှတ် (၇/ခ)၊ အကျယ်အဝန်း (၁၄၆ပေ × ၅၀ပေ)ရှိ ဦးခင်မောင်မြင့် (၁၂/ဥကတ (နိုင်) ၀၀၂၁၈၂) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးခင်မောင်မြင့် ထံမှ ကျွန်တော် ဦးနေမျိုးထွန်း (၁/မညန (ပြု) ၀၀၀၀၅၆)က ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်တော်ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ဦးနေမျိုးထွန်း (၁/မညန (ပြု) ၀၀၀၀၅၆)**
**၀၉- ၄၄၄ ၀၀၉ ၉၁၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ်(၁၅/၁-၂အုတ်ကျင်းအနောက်)၊ ဦးပိုင်အမှတ် (၂၀၀)၊ မြေဧရိယာ (၀.၁၈၄)ကေရှိမြေကွက်အား မူလက ဦးမျိုးလွင်အမည်ဖြင့် (၃၀-၆-၂၀၂၀)ရက်ထိ မြေငှားဂရန်သက်တမ်းရရှိခဲ့ပြီး၊ ဂရန်အမည် ပေါက်သူ ဦးမျိုးလွင်ထံမှ ဦးဝင်းမောင်က(၁၅-၅-၁၉၉၃) ရက်တွင်လည်းကောင်း၊ ဦးဝင်းမောင်ထံမှ ဒေါ်တင်တင်မိုးက (၃-၅-၂၀၀၇) ရက်တွင်လည်းကောင်း၊ ဒေါ်တင်တင်မိုးထံမှ ဦးတင်အေးက (၂၆-၆-၂၀၁၁) ရက်တွင်လည်းကောင်း၊ ဦးတင်အေးထံမှ ဦးပိုင် (၂၀၀/က)၊ မြေဧရိယာ (၀.၁၁၀)ကေအပိုင်းကို ဦးအေးလှ၊ ဒေါ်ဥမ္မာကျော်တို့က (၁၀-၄-၂၀၂၆) ရက်စွဲပါ နှစ်ဦးသဘောတူအိမ်ခြံမြေကွက်အရောင်းအဝယ်ကတိစာချုပ်ဖြင့် အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ယခုအခါဦးအေးလှ ၁/ဝမန(နိုင်)၀၃၈၆၅၀၊ ဒေါ်ဥမ္မာကျော် ၁/ကမန(နိုင်)၀၄၉၄၁၃အမည်ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း မြေငှားဂရန် အသစ်ရရှိရေးအတွက် (၂-၆-၂၀၂၆)ရက်စွဲပါကျမ်းကျိန်ဆိုလွှာ အမှတ် (၄၅၂/၂၀၂၆)ကို(၄-၆-၂၀၂၆)ရက်စွဲပါကျမ်းကျိန်ဆိုလွှာမှတ်ပုံတင် အမှတ်(၃၂၉/၂၀၂၆) ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြ နိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5L/7249 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5F/2484၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/86438 Honda Scoopyi 110 ယာဉ်လက်ဝယ်ရှိသူ ဦးမြတ်ကိုဆန်း ၉/ခမစ(နိုင်)၀၀၁၁၈၂ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 38W/87031 Jialing JL 90 ယာဉ်လက်ဝယ်ရှိသူ ဦးဇာနည်ဝင်း ၉/မဟမ(နိုင်)၀၂၅၈၃၀ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး၊ (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 58W/35509 Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းတိုး ၁၄/ကပန(နိုင်)၀၀၀၆၃၁ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မအူပင်)**

## ကြော်ငြာစာ
### (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃)
### အောင်မြေသာစံခရိုင်တရားရုံးတော်
### ၂၀၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၅၀

**ကွယ်လွန်သူ ဦးကျော်ညွန့်၏ ကျန်ရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရှင်တော်ကုန်းကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ် (၅၀၉ က-ရွေးစုနောက်)၊ ဦးပိုင်အမှတ် (၂၈/၃)၊ ဧရိယာ ၁ဒသမ ၅၇ကေရှိ လယ်မြေနှင့် ဦးပိုင်အမှတ် (၂၆)၊ ဧရိယာ ၂ဒသမ ၃၃ကေရှိ လယ်မြေကွက်များ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးကျော်ညွန့်၏ ကျန်ရစ်သော ပစ္စည်းအပေါ်၌ အမွေထိန်း လက်မှတ်ထုတ်ပေးပါမည့် အကြောင်းနှင့် ဒေါ်အုန်းက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက် (၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် ၁၂ ရက်) တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးကျော်ညွန့်၏ ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည့် အဆိုရှိသူတို့အား အဆိုပါ အမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက် (၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် ၁၂ရက်) ၌ မိမိတို့ ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ် တစ်ဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်အုန်း၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည် ဖြစ်သည်။

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(လွင်လွင်လှိုင်)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**အောင်မြေသာစံခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

မိတ္ထီလာမြို့၊ ဝန်ဇင်းရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်၁၅-ဗ/ဝန်ဇင်း၊ ဦးပိုင်အမှတ်-၂၉၂၊ မြေကွက်အမှတ်-၂၉၂၊ မြေဧရိယာ(၀.၀၅၅) ကေရှိ မြေကွက်သည် ဒေါ်ခင်စန်းဝေ အမည်ဖြင့် ၄-၇-၂၀၂၆ ရက်အထိ နှစ်(၃၀)မြေငှားဂရန်ရရှိထားပါသည်။ အဆိုပါ ဂရန်ရရှိထားသည့်မြေဧရိယာ(၀.၀၅၅) ကေအနက်မှ ဦးပိုင်အမှတ်-၂၉၂/က၊ (၀.၀၂၇၅) ကေကို ဒေါ်အေးအေးစန်း၊ ဦးပိုင်အမှတ်-၂၉၂/ခ၊ (၀.၀၂၇၅) ကေကို ဒေါ်အေးအေးဝင်း တို့က ၁၆-၇-၂၀၂၆ ရက်တွင် ဒေါ်ခင်စန်းဝေထံမှ တရားဝင်မှတ်ပုံတင်စာချုပ်ချုပ်ဆိုဝယ်ယူခဲ့ကြပါသည်။ ဒေါ်အေးအေးစန်းပါ (၂)ဦးမှ မြေငှားဂရန်ဦးပိုင်ခွဲအမည်ပြောင်းသက်တမ်းတိုးလျှောက်ထားလာပါသည်။ အဆိုပါ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါ သည့်ရက်မှ (၁၅) ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့် အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မိတ္ထီလာမြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ ရွာသစ် (၁) လမ်း၊ အမှတ်(၆၂၉) ဟု ခေါ်တွင်သော ဧရိယာ (အလျား x အနံ) (၁၅ x ၅၈) ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂) ထပ်တိုက်ခံ နေအိမ်အပါအဝင် ယင်းအိမ်ခြံမြေကွက်နှင့်ပတ်သက်သော ရေမီတာ၊ လျှပ်စစ်မီတာ အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား တရားဝင် ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုထားသူ ဒေါ်အိအိခိုင် (၇/သနပ (နိုင်)၁၂၁၉၁၉) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်ဇော် (၁၂/ကမတ (ပြု)၀၀၀၅၁၃) သည် ဝယ်ယူရန်အတွက် (၂-၈-၂၀၂၆) ရက်တွင် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသဖြင့် ယင်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက မည်သူမဆို ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချမ်းမြေ့ဦး**
**(LL.B, D.B.L, D.I.L, D.M.L)(MIAC)**
**(တရားလွှတ်တော်ရှေ့နေ) (စဉ်-၁၂၅၁၄) (၁၆-၅-၂၀၀၇)**
**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝန်း၊ မင်းကြီးလမ်း၊ အင်းစိန်မြို့နယ်**
**ရုံးဖုန်း-၀၁ ၃၆၄၃၂၉၆, ၀၉ -၂၆၂၄၅၈၃၉**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ သံလျှက်မော်တောင်ရပ်ကွက်၊ အကွက်အမှတ် (၄၀၅)၊ ဦးပိုင်အမှတ်(၁၇၆-အ)၊၈၆လမ်းနှင့်ကန်တော်ကြီးအဝင်လမ်း ထောင့်ရှိဂရန်မြေကွက်အမည်ပေါက်သူဒေါ်မြမြဝင်းထံမှ အရောင်းအဝယ်စာချုပ် အမှတ် (၁၈၃၆/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နန်းခမ်းခင်ထံမှ အရောင်းအဝယ် စာချုပ်အမှတ်(၁၁၈၅/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဦးကျော်ကျော်ဦး ၉/မရတ(နိုင်) ၁၁၇၁၇၀ က အမှုတွဲအမှတ် (၁၄၈၇/၂၀၂၆-၂၀၂၇)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မကွေးမြို့၊ အောင်မေတ္တာ(က)ရပ်ကွက်နေ ဒေါ်ကြည်ကြည်မြင့်မှ အကွက်အမှတ် (၁၆၅၄/မြင်းကင်း)၊ ဦးပိုင်အမှတ်(၉၃၅)၊ ဧရိယာ(၀.၂၀၆)ကေရှိ မြေကွက်အား ၎င်းအမည်ဖြင့် ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထားများဖြင့် မကွေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ကော်လိတ္တော်အရာရှိ)ထံ မြေငှားဂရန် (၁-က) ရေးသွင်းပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူရှိပါက ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားဖြင့် မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် လည်းကောင်း၊ မကွေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် လည်းကောင်း ဤသတင်းစာပါသည့် ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးခင်မောင်ဝင်း**
**ဈေးလယ်စိုးရပ်ကွက်၊ မကွေးမြို့**
**ဖုန်း-၀၉-၇၉၀၇၁၂၂၇၃**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
### ဈေးများဌာန
### ယာယီချိတ်ပိတ်ဆိုင်ခန်းများအား
### ကော်မတီပိုင်ဆိုင်ခန်းများအဖြစ်ပြန်လည်သိမ်းယူမည်ဖြစ်ကြောင်းကြော်ငြာခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနကွပ်ကဲမှုအောက် ပုဗ္ဗသီရိဈေးတွင် ဆိုင်ခန်းရှင်(၃)ဦးသည် အကြောင်းအမျိုးမျိုးကြောင့် ဆိုင်ခန်းများ ဖွင့်လှစ်မှုမရှိဘဲ ဆိုင်ခန်းငှားရမ်းခ(ဆိုင်ခန်းခွန်)များ ပေးသွင်းရန် ပျက်ကွက်မှုဖြစ်ပေါ်နေသဖြင့် ယာယီပိတ်သိမ်းထားသော အောက်ဖော်ပြပါ ဆိုင်ခန်း(၄) ခန်းအား နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီပိုင်ဈေးများ တည်ဆောက်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းဆိုင်ရာ စည်းကမ်းများ အပိုဒ်-၁၄၊ ၁၅အရ ကော်မတီပိုင်အဖြစ် ပြန်လည်သိမ်းယူသွားမည်ဖြစ်ပါသည်-

| စဉ် | အမည် | ဆိုင်ခန်းအမှတ် |
|---|---|---|
| (က) | ဒေါ်အေးအေးအိထွေး | ရုံ-၄(၁၀၊ ၁၁) |
| (ခ) | ဒေါ်နီနီအေး | ရုံ-၅(၁၀) |
| (ဂ) | ဦးဝင်းစိန် | ရုံ-၃၆(၁၂) |

၂။ အထက်ပါ ဆိုင်ခန်းများနှင့်ပတ်သက်၍ ဆိုင်ခန်းရှင်များအနေဖြင့် ယာယီပိတ်သိမ်းထားသော ဆိုင်ခန်းများ ပြန်လည်ရယူ ဖွင့်လှစ်လိုပါက ကြော်ငြာသည့် ရက်မှ ရက် (၃၀) အတွင်းဖြစ်သည့် (၄-၉-၂၀၂၆) ရက်အထိ ဈေးများဌာနသို့ နောက်ဆုံးထား၍ ဆက်သွယ်လျှောက်ထားရန်ဖြစ်ပြီး ထိုသို့လျှောက်ထားသည့် ဆိုင်ခန်းနှင့်ပတ်သက်သော အခွန်အကြွေးကျန်နှင့် ဒဏ်ကြေးငွေများကို အကျေပေးသွင်း လျှောက်ထားရမည်ဖြစ်ပါသည်။ သတ်မှတ်ရက်အထိ လာရောက်ဆက်သွယ်လျှောက်ထားခြင်းမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ပေးသွင်းထားသော ဆိုင်ခန်းတန်ဖိုးငွေများကို ကော်မတီပိုင် ဘဏ္ဍာငွေအဖြစ် သိမ်းယူ၍ ဆိုင်ခန်းများကို ကော်မတီပိုင်အဖြစ် သတ်မှတ်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

၃။ အသေးစိတ် အချက်အလက်များ သိရှိလိုပါက ဈေးများဌာန ဖုန်း-၀၆၇-၃၄၁၄၂၉၃၊ ၀၆၇-၃၄၁၄၁၆၈၊ ပုဗ္ဗသီရိ ဈေး(၀၉-၄၂၀၇၀၁၈၈၁) သို့ ဆက်သွယ် စုံစမ်းမေးမြန်း နိုင်ပါသည်။

**ဌာနမှူး**
**ဈေးများဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အမည်မှန်

ဖြူးမြို့နယ်၊ ဇေယျာဝတီမြို့၊ အထက(၂)ကျောင်း၊ G-12 မှ မဖြူဖြူခိုင်၏ အမည်မှန်မှာ မနန်းသနီးဖြစ်ပါကြောင်း။

**မနန်းသနီး**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်၊ စလေမြို့၊ အထက (စလေ)၊ Grade-11 မှ မောင်စိုးဝေဖြိုး၏ ဖခင်အမည်မှန်မှာ ဦးမြမင်း ၈/ခမန(နိုင်)၁၁၃၆၄၁ ဖြစ်ပါကြောင်း။

**ဦးမြမင်း**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3F/3821 ၏ ဖောင်းကြွနံပါတ်ပြား (၁) ချပ် ပျောက်ဆုံး၍ လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ရွှာသာကြီး**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉၀)၊ အောင်ပန်းလမ်း၊ မြေကွက်အမှတ်(၄၇၃)၊ အကျယ်အဝန်း(ပေ၄၀xပေ၆၀)ရှိ ဦးညွန့်တင်(၁၂/ဗဟန(နိုင်)၀၆၁၉၃၃)အမည်ပေါက် မြေချပါမစ် မြေကွက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉၀)၊ အောင်ပန်းလမ်း၊ မြေကွက်အမှတ်(၄၇၄)၊ အကျယ်အဝန်း (ပေ၄၀xပေ၆၀)ရှိ ဦးလှကြည် (MNO-၀၆၇၃၇၄) အမည်ပေါက် မြေချပါမစ်မြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးဉာဏ်လင်းထွန်း (၁၂/သကတ(နိုင်)၁၅၃၀၅၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်မင်းထိုက်(၁၁/သတန(နိုင်)၀၅၃၉၈၅)က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်ချို့ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ တရားဝင် ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်မင်းထိုက်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်မျိုးနိုင် LL.B, D.B.L**
**အထက်တန်းရှေ့နေ(စဉ်-၄၅၆၅၃)**
**အမှတ်(၇၂/မြေညီ)၊ ငမိုးရိပ်(၁၀)လမ်း၊ အပိုင်း(၄)၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၂၅၀၂၉၀၇၈၁၊ ၀၉-၇၉၅၆၃၁၉၀၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၅)၊ ပင်လုံလမ်း၊ မြေကွက်အမှတ်(၁၂၁၀)၊ ဧရိယာ(၀.၀၅၉) ကေရှိ (ဘ)ဦးတင်အောင်(EJ-၀၁၁၇၈၈) အမည်ပေါက် နှစ် (၆၀) ဂရန်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမွေဆက်ခံပိုင်ဆိုင်ကြောင်း မှတ်ပုံတင်စာချုပ်အမှတ်-၇၁၈၄/၂၀၁၄(၂၇-၁၀-၂၀၁၄) ဖြင့် အမွေဆက်ခံပိုင်ဆိုင်လာသူ(မိခင်) ဒေါ်သန်းသန်းအေး (၁၂/ကမတ(နိုင်)၀၄၈၄၉၇)မှာ (၄-၂-၂၀၂၄)ရက်နေ့တွင် ကွယ်လွန်သွားပြီးသဖြင့် ၎င်းတို့၏ သားသမီးများဖြစ်ကြသော ဒေါ်စိုးလတ်လတ်အောင် (၁၂/ဒဂမ(နိုင်)၀၁၂၄၀၉)၊ ဦးအေးမင်းအောင် (၁၂/ဒဂမ(နိုင်)၀၁၂၁၃၆)၊ ဦးဇင်မင်းအောင်(၁၂/ဒဂမ(နိုင်)၀၂၃၇၅၅)နှင့် ဦးနေလင်းအောင် (၁၂/ဒဂမ(နိုင်)၀၂၃၇၄၃) တို့ မောင်နှမ (၄) ဦးမှ အပေါင်အနှံ၊ အရှုပ်အရှင်းကင်းရှင်း၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း (မူရင်း) အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငွေးငွေးဝင်း (LL.B, D.I.L, WIPO (Switzerland))**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၃၁၆)**
**အမှတ်(၃၁)ကျောက်မြောင်းဈေးလမ်း၊ ဗျိုင်း(ရွာမ)ရပ်ကွက်၊**
**တာမွေမြို့ နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၀၃၇၅၅၈၊ ၀၉-၇၈၅၀၃၇၅၅၈**

## ကန့်ကွက်နိုင်ပါကြောင်း

ဒိုက်ဦးမြို့နယ်၊ ဆင်စခန်းကျေးရွာအုပ်စု၊ ဒဂုံမန်းလမ်း နေ ဒေါ်အိဖြူဇင်(ဘ)ဦးတင့်ရင်မှ ဒိုက်ဦးမြို့နယ်၊ ဆင်စခန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့် အမည်-(၄၀၈က)၊ ကြာအင်းလေးကွင်း၊ ဦးပိုင်အမှတ်(၈/၁၇)၊ ရှိ မြေဧရိယာ (၀.၁၁)ကေ ရှိမြေကို မြေငှားဂရန် အသစ် လျှောက်ထားမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ကန့်ကွက်လွှာ ထည့်သွင်းသည့်ရက်မှ (၁၅) ရက်အတွင်း နောက်ဆုံးထား၍ ဒိုက်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဒေါ်အိဖြူဇင်မှ မြေငှားဂရန်(အသစ်)လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒိုက်ဦးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

